# SUPPLEMENTARY SOCIAL STUDIES GLOSSARY
## UNITED STATES HISTORY (Grades 7 and 8)
## (NOT TO BE USED FOR ELL TESTING ACCOMMODATION)

| ENGLISH | BURMESE |
|---|---|
| **A** | |
| **abolitionist** - person who wanted to end slavery | ကျွန်စံနစ်ကိုဖျက်သိမ်းရန်ကြိုးပမ်းသူ |
| **Act of Toleration** - a 1649 Maryland law that provided religious freedom for all Christians | ၁၆၄၉ မေရီလန်ဥပဒေအရ ခရစ်ယာန် ဘာသာ ယုံကြည်သူ အားလုံးကို အာဃတမရှိ ခွင့်ပြု သည်းခံခြင်း။ |
| activist - a person who works to achieve a reform in society | လူနေမှု စံနစ်ကို ပြုပြင် ပြောင်းလဲရေး အတွက် နည်းလမ်း ရှာဖွေ ကြိုးပမ်းအားထုတ်သူ |
| **Adams-Onis Treaty** - an 1821 treaty between Spain and the United States in which Spain agreed to give Florida to the United States | ၁၈၂၁ ခုနှစ် စပိန်နှင့် အမေရိကန် ၂နိုင်ငံစာချုပ် အရ ဖလော်ရီဒါကို အမေရိကန်သို့ လွှဲပေးခြင်း၊ |
| **adobe** - sun-dried brick | နေလှမ်းအုတ်၊ |
| **affirmative action** - program to provide more job and education opportunities for people who faced discrimination in the past | ထောက်ခံမှုကို ဖေါ်ပြသော လုပ်ဆောင်မှု၊ ကြိုးပမ်းမှု၊ ဖိနှိပ်ခွဲခြားမှုကို ခံခဲ့ဖူးသူများအပေါ် ပညာရေး နှင့်အလုပ်အကိုင် အခွင့်အလန်းများ ပိုမိုပေးဖို့ ပြုလုပ်သော အစီအစဉ် |
| **AFL** (American Federation of Labor) - an organization of trade unions that represented skilled workers | အမေရိကန် အလုပ်သမားသမဂ္ဂ အဖွဲ့များ၊ ကျွမ်းကျင်သော အလုပ်သမားအုပ်စု |
| **Alamo** - old Spanish mission in Texas where Mexican forces under Santa Anna besieged Texans in 1816 | ၁၈၁၆တွင် ဗိုလ်ချုပ် စန်တာ အန်နာ  ထိန်းချုပ်ခဲ့ သည့် တက်ဆက်ပြည်နယ်အတွင်း ပြည်နယ်အတွက် ဆောင်ရွက်ရန် စပိန်လူမျိုး ကိုယ်စားလည်အဖွဲ့ |
| **Albany Plan of Union** - proposal by Benjamin Franklin to create one government for the 13 colonies | ၁၃ကိုလိုနီပြည်နယ် များကို အစိုးရတခုတည်း အဖြစ် တည်ထွင်ရန် ဘင်ဂျမင်ဖရင်ကလင်မှ အဆိုပြုတင်သွင်းခြင်း |
| **Alien and Sedition acts -** in 1798, Federalist-supported laws that permitted the President to expel foreigners, made it harder for immigrants to become citizens, and allowed for citizens to be fined or jailed if they criticized the government or its officials | ၁၇၉၈ခုတွင် ဖယ်ဒရယ်လစ်အုပ်စုက ထောက်ခံ ပြီး သမတကို ပေးသောအာဏာ၊ ၄င်းအရ သမတ အနေဖြင့် နိုင်ငံခြားသားကို ပြည်နှင်ဒဏ်ပြုခြင်း၊ နိုင်ငံသား ပြုခြင်း ကိစ္စကိုလွယ်လွယ်မပေးတော့ခြင်း အစိုးရနှင့် အစိုးရ ဝန်ထမ်းများကို ဝေဖန် တိုက်ခိုက် လာပါက ငွေဒဏ်၊ ထောင်ဒဏ်တပ်ခြင်း တို့ပြုလုပ်နိုင်သော အခွင့်အာဏာ |
| **alliance -** agreement between nations to aid and protect one another | နိုင်ငံအချင်းချင်း တဦးနှင့်တဦး ကူညီထောက်ပန့် ရန်နှင့် ကာကွယ်ပေးရန်၊ သဘောတူညီချက် |

**SUPPLEMENTARY SOCIAL STUDIES GLOSSARY**
**UNITED STATES HISTORY (Grades 7 and 8)**
**(NOT TO BE USED FOR ELL TESTING ACCOMMODATION)**

| ENGLISH | BURMESE |
|---|---|
| **Alliance for Progress** - economic aid program for Latin America developed by President Kennedy | သမတ ကနေဒီမှ ဖေါ်ထုတ်သော လက်တင် အမေရိက အတွက် စီးပွားရေး တိုးတက်၊ ဖွံ့ဖြိုးမှု အကူအညီ အစီအစဉ်များ |
| **Allied Powers** - military alliance of France, Britain, Russia, Italy, and 20 other nations during World War I | မဟာမိတ် စစ်အုပ်စုများ၊ ပထမကမ္ဘာစစ်အတွင်း၊ ပြင်သစ်၊ အင်္ဂလိပ်၊ ရုရှား၊ အီတလီနှင့် အခြား နိုင်ငံ ၂၀တို့ ၏ စစ်အင်အားစု |
| **Allies** - World War II military alliance of Britain, France, the Soviet Union, the United States, China, and *45* other countries | ဒုတိယကမ္ဘာစစ်တွင်၊ ဗြိတိန်၊ ပြင်သစ်၊ ဆိုဗီယက်၊ အမေရိကန်ပြည်ထောင်စု၊ တရုပ် နှင့် အခြား ၄၅ နိုင်ငံတို့၏ စစ်မဟာမိတ်အုပ်စု |
| **American Colonization Society** - early 1800s organization that proposed to end slavery by helping African Americans move to Africa | အာဖရိကန်နွယ်ဖွား အမေရိကန်များကို အာဖရိကသို့ ပြန်စေခြင်းဖြင့် ကျွန်စနစ်ပပျောက်ဖို့ရန် ၁၈ရာစု ဦးပိုင်းက အဆိုပြုခဲ့သော အဖွဲ့အစည်း |
| **American System** - program for economic growth promoted by Henry Clay in the early 1800s, called for high tariffs on imports | သွင်းကုန်ပေါ် အခွန်တိုးကောက်ခြင်းဖြင့် စီးပွားရေး ပိုမိုတိုးတက်စေဖို့ရန် ၁၈ရာစုအစောပိုင်း က ဟင်နရီကလေး ဦးဆောင်သော အစီအစဉ် |
| **American With Disabilities Act** - law passed in 1990 that prohibits discrimination in hiring people with physical or mental impairments | မသန်မစွမ်းနှင့် စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများကို မခွဲခြားပဲ အလုပ်ငှားဖို့ ၁၉၉၀တွင် အတည်ပြုခဲ့သော ဥပဒေ |
| amnesty - a general pardon or forgiveness for a political crime given by the government to a specific group of people | နိုင်ငံရေးပြစ်မှု ကျူးလွန်သည်ဟု အစိုးရက ပြစ်ဒဏ် သတ်မှတ်ထားသော အုပ်စုတခုကို အစိုးရမှ လွတ်ညိမ်း ချမ်းသာခွင့်ပေးခြင်း |
| annexation - taking over a territory and adding it to a country: | နယ်မြေကို သိမ်းပိုက်ပြီး တိုင်းပြည်ထဲသို့ ထည့်သွင်းခြင်း |
| **Antifederalists** - people who opposed the Constitution and a strong national government | အင်အားကြီးသော အခြေခံ ဥပဒေကို၎င်း၊ အင်အားကြီးသော ဗဟိုရ် အစိုးရတရပ်ကို၎င်း၊ သဘောမတူ ဆန့်ကျင်သောသူများ |
| anti-semitism - policies, views, and actions that discriminate against Jewish people | ဂျူးလူမျိုးများကို နှိမ်ဖို့ ပြုလုပ်သော မူဝါဒများ၊ အတွေးအခေါ်များနှင့် လုပ်ဆောင်ချက်များ၊ |
| **apartheid** - strict separation of races practiced in South Africa | တောင်အာဖရိကနိုင်ငံတွင် ကျင့်သုံးသော လူမျိုး ခွဲခြားရေး အတွက်ပြင်းထန်သော ဝါဒ |
| appeasement - giving in to an enemy's demands in order to keep the peace | ငြိမ်းချမ်းရေးအတွက် ရန်သူတောင်းဆိုချက်ကို သဘောတူခြင်း၊ |

| ENGLISH | BURMESE |
|---|---|
| **apprentice** - person who learns a trade or craft from a master | ဆရာသမားထံမှ လက်မှုပညာ၊ ကူးသန်းရောင်း ဝယ်ရေး ပညာ စသည်ကို သင်ယူသော လက်ထောက်တပည့် |
| armistice - an end to hostilities such as a war | စစ်ပြေငြိမ်းခြင်း |
| **Articles of Confederation** - first American constitution, passed in 1777, which created a loose alliance of 13 independent states | ၁၇၇၇ခုနှစ်တွင် ၁၃ပြည်နယ်တို့သည် တင်းကြပ်စွာ ဖွဲ့စည်းခြင်း မပြုပဲ၊ အတည်ပြုခဲ့သော ပထမဆုံး အမေရိကန် အခြေခံဥပဒေ |
| **assembly line** - method of production in which workers stay in one place as products edge along past them on a moving belt (Henry Ford) | ဟင်နရီဖို့ တီထွင်လိုက်သော ကုန်ထုတ်စနစ်၊ အလုပ်သမားများက ကိုယ့်နေရာရပ်နေကာ ရွှေနေသော ခါးပတ်ကြီးမှ ထုတ်ကုန်ကို အနားသို့သယ်လာသောအခါ ကောက်တပ် လိုက်သော ပစ္စည်းကိုတပ်ဆင်သည့်စနစ် |
| **Atlantic Charter** - a 1941 program developed by the United States and Britain that set goals tor the postwar world | အမေရိကန်နှင့်ဗြိတိန်တို့၏ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးလျှင် လုပ်ဆောင်ကြမည့် ပန်းတိုင်အတွက် ၁၉၄၁ခုနှစ်တွင် ဖေါ်ထုတ်သော စီမံကိန်း |
| **Axis** - World War II military alliance of Germany, Italy, Japan, and six other nations | ဂျာမဏီ၊ အီတလီ၊ ဂျပန်၊ နှင့်အခြား ၆နိုင်ငံတို့၏ စစ်ရေးမဟာမိတ်အုပ်စု |
| **B** | |
| **baby boom** - large increase in the birthrate from the late 1940s through the early 1960 | ၁၉၄၀မှစသော ဆယ်စုနှစ်ခေတ်နှောင်းပိုင်းမှ၁၉၆၀ မှစသော ဆယ်စုနှစ်ခေတ်ဦးကာလအတွင်းမွေးဖွား သူများ၏ အဆမတန်မြင့်လာသော မွေးဖွားနှုန်း |
| **Bacon's Rebellion** - a 1676 raid led by Nathaniel Bacon against the governor and Native Americans in Virginia | ၁၆၇၆ခုတွင် ဘေကွန်ခေါင်းဆောင်သော လက်နက်ကိုင် များက ပြည်နယ်အုပ်ချုပ်ရေးမှူး (ဂါဗနာ) ကို ပုန်ကန်ခြင်း၊ ဌာနေရှေးဦး အမေရိကန်များကို လည်းသတ်ဖြတ်ခြင်း ပြုသော ကိုလိုနီတို့၏ ပထမဆုံး ပုန်ကန်ထကြွမှု |
| **barrio** - Mexican neighborhood in the United States | အမေရိကန်နေ မက္ကဆီကန်များ ရပ်ကွက် |
| **Bataan Death March** - long trek across the Philippines that American and Filipino prisoners of war were forced to make by the Japanese in 1942 | ၁၉၄၂ခုတွင် ဂျပန်စစ်သားတို့သည် ဖမ်းဆီး ထားသော အမေရိကန်နှင့် ဖိလစ်ပိုင်လူမျိုးတို့ကို လမ်းလျှောက် ထောင်ပြောင်းရာ တပါတ်ကြာအစာ ပြတ် ရေပြတ်၊ ညင်းဆဲခံရ၍ များစွာသေဆုံးခြင်း |
| **Battle of Bull Run** - first major battle of the Civil War; fought in Virginia in1861 | ၁၈၆၁ခုတွင် ဗာဂျီးနီးယားမှ စတင်တိုက်ခဲ့သည့် ပထမဆုံး အမေရိကန်ပြည်တွင်းစစ် စတင်ရာတိုက်ပွဲ |

| ENGLISH | BURMESE |
|---|---|
| **Battle of Bunker Hill** - in 1775, first major battle of the Revolution | ၁၇၇၅ခုတွင် စတင်ခဲ့ပြီးအမေရိကန်လွတ်လပ်ရေး အတွက် ပထမဆုံး အင်္ဂလိပ်နှင့် စတိုက်ရာစစ်ပွဲ |
| **Battle of Gettysburg** - an 1863 Civil War battle in Pennsylvania that ended a Confederate invasion of the North | ၁၈၆၃တွင် ပင်ဆလ်ဗေးနီးယားပြည်နယ် ဂတ်တီး စဗတ်မြို့မှာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်တွင် တောင်ပိုင်းကို စတင်အရေးနိမ့်စေသည် အရေးပါသော အလှည့်အပြောင်းဖြစ်ရာ စစ်ပွဲ |
| **Battle of Lake Erie** - in the War of 1812, an American victory led by Oliver Perry against the British | ၁၈၁၂တွင် အင်္ဂလိပ်ရေတပ်ကို အီရီး ရေအိုင်ကြီး၌ အောလစ်ဗာ ပယ်ရီ ဦးဆောင်သော အမေရိကန် ရေတပ်က အောင်မြင်စွာတိုက်နိုင်သော စစ်ပွဲ |
| **Battle of Long Island** - a 1776 battle in New York in which more than 1,400 Americans were killed, wounded, or captured | အမေရိကန်စစ်သားပေါင်း၁၄၀၀ကျော် အချို့သေ၊ အချို့ဒဏ်ရာရ အချို့အဖမ်းခံရပြီး အင်္ဂလိပ်ကို ရှုံးလိုက်ရသော ၁၇၇၆ခု နယူးယောက် လောင်းအိုင်လန်၌ ဖြစ်သော တိုက်ပွဲ |
| **Battle of Midway** - a 1942 battle in the Pacific during which American planes sank four Japanese aircraft carriers | ၁၉၄၂တွင်ဂျပန်လေယဉ်တင်စစ်သင်္ဘောကြီး၄စင်း ကို အမေရိကန်လေတပ်က နှစ်မြုပ်ကာ ဂျပန် တို့ကို အကြီးအကျယ် အထိနာစေသော စစ်ပွဲ |
| **Battle of New Orleans** - at the end of the War of 1812, a battle between British and American forces that ended in an American victory | ၁၈၁၂တွင်ထပ်ဖြစ်သော အမေရိကန်၊ အင်္ဂလိပ် စစ်ပွဲကို နယူးအော်လင်း စစ်မြေပြင်၌ အမေရိကန် နိုင်စေခြင်းဖြင့် စစ်ကိုအဆုံးသပ်စေသော စစ်ပွဲ |
| **Battle of Saratoga** - in 1777, the first major American victory in the Revolution | အမေရိကန် လွတ်လပ်ရေးစစ်အတွက် အမေရိကန် တို့ ပထမဆုံးအနိုင်ရလိုက်သော ၁၇၇၇တွင် နယူးယောက်အနီး စာရာတိုးဂါး စစ်ပွဲ |
| **Battle of Tippecanoe** - in 1811, battle over white settlement in the Indiana Territory | အင်ဒီယားနား သည်နယ်မြေသစ် ဖြစ်လာရာ လူဖြူများစွာတို့ရွှေပြောင်းလာသဖြင့် မြေများကို ဌာနေရှေးဦး အမေရိကန်တို့ထံမှ ဝယ်ယူသည်ကို မကျေနပ် သော ဌာနေရှေးဦး အမေရိကနခေါင်းဆောင်အချို့နှင့် အမေရိကန် တို့ တိုက်ပွဲ |
| **Battle of Trenton** - a 1776 battle in New Jersey in which George Washington's troops captured a Hessian encampment | ၁၇၇၆တွင် ဂျော့ဝါရှင်တန်ခေါင်းဆောင်သော ကိုလိုနီတို့၏ စစ်တပ်သည် အင်္ဂလိပ်ကငှားလာ သော ဂျာမန်နွယ်ဖွား ဟက်ဆန်စစ်တပ်ကို နယူး ဂျာစီ ထရင်တန်စစ်မြေပြင်၌ အောင်မြင်သောစစ်ပွဲ |

**SUPPLEMENTARY SOCIAL STUDIES GLOSSARY**
**UNITED STATES HISTORY (Grades 7 and 8)**
**(NOT TO BE USED FOR ELL TESTING ACCOMMODATION)**

| ENGLISH | BURMESE |
|---|---|
| **Battle of Yorktown** - 1781 American victory forced the British to surrender | အမေရိကန်တို့အနိုင်ရကာ အင်္ဂလိပ်ကို လက်နက်ချစေသည့် ၁၇၈၁ တိုက်ပွဲ |
| **Battles of Lexington and Concord** - in 1775, conflicts between Massachusetts colonists and British soldiers that started the Revolutionary War | မန်ဆာချူဆက်ကိုလိုနီများနှင့် အင်္ဂလိပ်စစ်သားတို့ ပဋိပက္ခဖြစ်ရာမှ လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့သည် စစ်ပွဲ |
| **Bay of Pigs invasion** - failed invasion of Cuba in 1961 when a force of 1,200 Cuban exiles, backed by the United States, landed at the Bay of Pigs | အမေရိကန် ကျောထောက်နောက်ခံပေးထား သော ကျူးဘာမှ အမေရိကန်သို့ထွက်ပြေး လာသူ ကျူးဘားစစ်သားတို့ဖြင့် ကျူးဘားသို့ ဝင်ရောက်ကျူးကျော်ရာ မအောင်မြင်သော ကျူးကျော်မှု |
| **Berlin Airlift** - American and British relief effort to airlift supplies to West Berliners from 1948 to 1949 | ဆိုဗီယက်တို့ပိတ်ဆို့ထားခြင်းခံရသည့်ဘာလင် အနောက်ခြမ်းသားတို့ကိုအမေရိကန်နှင့်အင်္ဂလိပ် တို့က လေယာဉ်ဖြင့် ၁၉၄၈–၄၉တွင် ရိက္ခာချပေးကူညီခြင်း၊ |
| **Berlin Wall** - wall built by the communist East German government in 1961 to seal off East Berlin from West Berlin | ကွန်မြူနစ် အရှေ့ခြမ်းဘာလင်ကို ဒီမိုကရေစီ အနောက်ခြမ်းနှင့် သီးခြားဖြစ်စေရန် အရှေ့ခြမ်းကွန်မြူနစ် အစိုးရက ၁၉၆၁ခုတွင် တည်ဆောက်သော တံတိုင်း |
| **bias** - a personal preference or leaning towards a point of view | အမြင်စောင်းခြင်း၊ အမှန်အတိုင်း မကြည့်ပဲ ပုဂ္ဂိုလ်ရေး ဘက်လိုက်ပြီး ရှုမြင်ခြင်း |
| **bicameral legislature** - a lawmaking body made up of two houses | ဥပဒေပြုသည့်ပါလီမန်ကို ၂ဖွဲ့ခွဲကာ (ဆီးနိတ်အထက်လွှတ်တော်၊ လူများစုအလိုက်ရွေးကောက်သော အောက်လွှတ်တော်) တို့ဖြင့် တည်ဆောက်ခြင်း |
| **Big Four -** leaders of Britain, France, the United States, and Italy after World War I | ပထမကမ္ဘာစစ်ပြီးနောက် ကြီးလေးကြီးခေါင်းဆောင် အဖြစ်၊ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်၊ အီတလီ ခေါင်းဆောင်များ |
| **Big Stick Policy** - President Roosevelt's approach to foreign affairs in Latin America, emphasizing diplomacy backed by force | စစ်အင်အားကျူးကျော်မှုကို တဖက်ကနောက်ခံပြုကာ အခြားတဖက်က ချိုသာစွာပြောခြင်း သံတမန်ဒီပလိုမေစီကို ကိုင်စွဲကာ လက်တင် အမေရိက၏ ကွန်မြူနစ် အန္တရာယ်ကာကွယ်ဖို့ ၄င်းတို့၏ ပြည်တွင်းရေးကို ဝင်စွက်သော အမေရိကန်သမတ ရူစဗဲ့စခဲ့သည့် အမေရိကန်၏နိုင်ငံခြားရေး ကျွေးကျော်သံပေါ်လစီ |
| **Bill of Rights** - first 10 amendments to the United States Constitution | အမေရိကန်အခြေခံဥပဒေ ၏ပြင်ဆင်ချက်များအနက် ပထမဆုံး ပြင်ဆင်ချက် ၁၀ခု |

| ENGLISH | BURMESE |
|---|---|
| **Black Cabinet** - group of black leaders who unofficially advised President Franklin D. Roosevelt concerning the situation of African Americans | အာဖရိကနွယ်ဖွား အမေရိကန်များ အတွက် သမတ ဖရင်ကလင်ဒီရူစဗဲ့ကို တရားဝင်မဟုတ်ပဲ အကြံပေးရန် ဖွဲ့ထားသော လူမဲခေါင်းဆောင်အုပ်စု |
| **black codes** - Southern laws that severely limited the rights of African Americans after the Civil War | ပြည်တွင်းစစ်အပြီး အာဖရိကနွယ်ဖွား အမေရိကန်များ ၏လူ့အခွင့်အရေးများကို ပြင်းထန်စွာ ချုပ်ချယ်ရန် တောင်ပိုင်းဒေသများတွင် ချမှတ်ထားသော ဥပဒေများ |
| **Black Tuesday** (October 29, 1929) - day that stock market crashed, signaling start of the Great Depression | ၁၉၂၉ အောက်တိုဘာ ၂၉ရက် အမဲရောင် အင်္ဂါနေ့ ထိုနေ့တွင် စတော့ရှယ်ယာဈေးကွက် စတင်ပျက်၍ အမေရိကန်စီးပွားပျက်ကပ်ကြီးကို စတင်စေခဲ့သောနေ့ |
| **Blitzkrieg** - "lightening war" The German military strategy during WWII of attacking without warning | လျှပ်တပျက်စစ် ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်စစ်ဗျူဟာ အရ အချက်ပေးမှုမရှိပဲ စတင် တိုက်ခိုက်ခြင်း |
| **blitzkrieg** - the swift attacks launched by Germany in World War II | ဒုတိယကမ္ဘာစစ်အတွင်း ဂျာမဏီမှ အလျှင်အမြန် တိုက်ပွဲများ စတင်ခြင်း |
| **boat people** - after the Vietnam War, refugees who escaped from Vietnam in small boats | ဗီယက်နမ်စစ်အပြီး၊ သင်္ဘောငယ်များဖြင့် ဗီယက်နမ်ကို စွန့်ခွာထွက်ပြေးလာသူ ဒုက္ခသည်များ |
| **bootlegger** - person who smuggled liquor into the United States during Prohibition | အရက်သေစာကို ပိတ်ပင်သည့်ကာလအတွင်း အမေရိကန် နိုင်ငံတွင်းသို့ တရားမဝင်ခိုးယူတင်သွင်းကာ အရက်ပုန်း မှောင်ခို ခိုးသွင်းသူ |
| **border state** - slave state that remained in the Union during the Civil War | ပြည်တွင်းစစ်အတွင်း ပြည်ထောင်စုမှ ခွဲမထွက်ပဲ နေခဲ့ပြီး ကျွန်စနစ်ကို အားပေးသော ပြည်နယ် |
| **Boston Massacre** - a 1770 conflict in which five colonists were killed by British troops | ၁၇၇၀ခုဘော့စတွန်တွင်ဖြစ်ပွားသော မကျေမနပ်ဆန့်ကျင် ကန့်ကွက်မှု အဓိကရုဏ်းတွင် ဗြိတိသျှတပ်သား များက ကိုလိုနီ ၅ဦးကို ပြစ်သတ်ခဲ့ခြင်း၊ |
| **Boston Tea Party** - a 1773 protest in which colonists dressed as Indians dumped British tea into Boston harbor | ၁၇၇၃ဆန့်ကျင်မှုတွင် ကိုလိုနီများက ဌာနေရှေးဦး အမေရိကန် များလို ဝတ်ဆင်ကာ ဘော်စတွန်ဆိပ်ကမ်းရှိ အင်္ဂလိပ်သင်္ဘောပေါ်မှ တင်သွင်းလာသော လဘက် ခြောက် များကို ပင်လယ်ထဲသို့ နှစ်မြုပ်ကာ ဆန္ဒပြခြင်း |
| **Boxer Rebellion** - uprising in China against westerners and Western influence in 1900 | အနောက်နိုင်ငံသားများနှင့် အနောက်တိုင်းလွှမ်းမိုးမှုကို ကန့်ကွက်သောအားဖြင့် တရုပ်တို့၏ ၁၉၀၀ခုတွင် ကန့်ကွက် ဆန္ဒပြ တော်လှန်မှု |

| ENGLISH | BURMESE |
|---|---|
| **boycott** - a peaceful protest in which people refuse to buy or use certain goods | အချို့ပစ္စည်းများကို ဝယ်ယူခြင်း၊ သုံးစွဲခြင်းမပြုပဲ သပိတ်မှောက်ခြင်းဖြင့် ပြည်သူလူထု၏ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်း၊ |
| **Brown vs. Board of Education** - the 1954 Supreme Court ruling declaring that segregation in public schools was unconstitutional. | လူမဲကျောင်းသားမိဘ ဘရောင်းက ကင်းဆပ်ပြည်နယ် ပညာရေးဌာန၏ အသားအရောင်ခွဲခြားဆက်ဆံမှု အပေါ် တရားလွှတ်တော်ချုပ် (ဆူပရင်းကုတ်) ၌တရားစွဲရာ တရား လွှတ်တော်ချုပ်က ဘရောင်းကို အနိုင်ပေးပြီး အစိုးရကျောင်း (ပြည်သူကျောင်း)များ၌ ခွဲခြားဆက်ဆံသော စနစ်သည် အခြေခံဥပဒေနှင့် မညီကြောင်း ဆုံးဖြတ်ချက် |
| **bull market** - period of increased stock trading and rising stock prices | အကျိုးအမြတ်ရမည်ဖြစ်၍ ရင်းနှီးမြုပ်နှံသူတို့က စတော့များကို အလုအယက် ဝယ်ကြသဖြင့် ရှယ်ယာဈေးကွက် မြင့်တက်သော ဈေးကွက်အခြေအနေ |
| **burgess** - representative to the colonial Virginia government | ကိုလိုနီခေတ် ဗာဂျီးနီးယားပြည်နယ်ကို အုပ်ချုပ်သော ပြည်နယ်အစိုးရ၏ အုပ်ချုပ်ရေး အဖွဲ့ဝင် ကိုယ်စားလည် |
| **C** | |
| **Cabinet** - group of officials who head government departments and advise the President | သမတကို အကြံပေးရန်နှင့် အစိုးရဌာနများကို အကြီးအကဲ ဝန်ကြီးများအဖြစ် ဦးဆောင်ရန် အမြင့်ဆုံး အစိုးရ အဖွဲ့ဝင်များ |
| **Camp David Accords** - 1979 peace treaty between Israel and Egypt in which Israel agreed to return the Sinai Peninsula to Egypt and Egypt agreed to recognize Israel | အီဂျစ်၊ အစ္စရေး ငြိမ်းချမ်းရေးစာချုပ်အရ အစ္စရေးက ဆိုင်းနိုင်းကျွန်းဆွယ်ကို အီဂျစ်သို့ပြန်ပေးရန်၊ အီဂျစ်က အစ္စရေးကို အသိအမှတ်ပြုရန် အပြန်အလှန် ညှိနှိုင်းကြသော ၁၉၇၉ သဘောထူ စာချုပ်၊ အမေရိကန်သမတ၏ အနားယူရာ ဒေဗစ်စခန်း တွင် ပြုလုပ်၍ အမေရိကန် သမတကာတာက သက်သေအဖြစ်ပါဝင်ခဲ့သည်။ |
| **capitalism** - an economic system in which factories, equipment and other means of production are privately owned rather than controlled by the government | စက်ရုံများ၊ ကုန်ထုတ်ပစ္စည်းများ ကုန်ထုတ် လုပ်ကိရိယာများကို အစိုးရက ထိမ်းချုပ်မည့်အစား ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ပြုသည့် လွတ်လပ်စွာ ရင်းနှီးမြုပ်နှံ ထုတ်လုပ်ခွင့် ရှိသော ဈေးကွက်စီးပွားရေး စနစ် |
| **carpetbagger** - uncomplimentary nickname for a northerner who went to the South after the Civil War | ပြည်တွင်းစစ်အပြီးမြောက်ပိုင်းမှ တောင်ပိုင်းသို့ရွှေ့လာသူ လူဖြူများကို နှိမ်ခေါ်သောအပြောင်အပျက် အမည်၊ ခရီးဆောင်အိပ် တလုံးနှင့်ပြောင်းလာကာ နေရာသစ်မှ |

| ENGLISH | BURMESE |
|---|---|
| | အမြွတ်ထုတ် မည့် သဘောကို ရည်ညွှန်းသည်၊ |
| **cash crop** - crop sold for money at market | ငွေအသပြာ ရရေး အတွက် သီးနှံထွက်ကုန်ကို ဈေးကွက်တွင် ရောင်းချခြင်း |
| **caucus** - private meeting; often a political meeting | နိုင်ငံရေးကိစ္စအတွက် သီးသန့်ဆွေးနွေးခြင်း |
| **cede** - to give up land to another country usually through a treaty | မိမိပိုင်နိုင်ငံမှမြေကို အခြားနိုင်ငံသို့စာချုပ်ဖြင့် ပေးရခြင်း |
| **Central Powers** - military alliance of Germany, Austria-Hungary, Bulgaria, and the Ottoman Empire during World War I | ပထမကမ္ဘာစစ်တွင် ဂျာမဏီ၊ သြစတီးယား ဟန်ဂေရီ၊ ဘူဂေးရီးယား၊ သြတမန်အင်ပိုင်ယာတို့ စစ်အုပ်စုဖွဲ့ထားသည့် ဗဟိုရ်အင်အားစု |
| **checks and balances** - a principle of the United States Constitution that gives each branch of government the power to check the other branches | အမေရိကန် အခြေခံဥပဒေ အဓိကမူတခု၊ အစိုးရသောအာဏာ၏အင်အားစု ၃ခုတခုနှင့်တခု ပြန်လှန်စစ်ဆေးအရေးယူစေခြင်းဖြင့် အချင်းချင်းပြန်လှန်ထိမ်းကြောင်းစေသောနည်းစနစ် |
| **chief executive** - the president or head of the Executive branch | နိုင်ငံတော်သမတ သို့မဟုတ် စီမံခန့်ခွဲအုပ်ချုပ်ရေးယန္တရား၏ အကြီးဆုံး ခေါင်းဆောင် |
| **child labor** - using children to work in factories or sweatshops | စက်ရုံများ၊ ချွေထွက်အောင် ကာယအားစိုက် လုပ်ငန်းများတွင် ကလေးများကို အလုပ်သမားအဖြစ် ခိုင်းခြင်း၊ (လုပ်ခနဲနဲပေးခိုင်းခြင်း) |
| **Chinese Exclusion Act** - 1882 law that barred Chinese laborers from entering the United States | တရုပ်များသည် ကာလီဖိုးနီးယားတွင် ရွှေအထွက်များသောအခါ ရွှေရှာလာယင်း တဖြည်းဖြည်း အလွန်များလာသဖြင့်၁၈၈၂တွင် ဥပဒေထုတ်ကာ တားမြစ်ရ၏ နှစ်ပေါင်း ၆၀ကျော်တားမြစ်ကာ နောက်ပိုင်း ပါယ်ဖျက်သည် |
| **civil disobedience** - idea that people have a right to disobey laws they consider to be unjust, if their consciences demand it | မတရားသောဥပဒေများကို မိမိတို့အသိစိတ်ဓါတ်အရ ငုံ့ခံမနေပဲ ဥပဒေကို မလိုက်နာခြင်းဖြင့် အကြမ်းမဖက်အနုနည်း အရ အာခံခြင်း |
| **Civil Rights Act of 1964** - the landmark act that banned discrimination on the basis of race, sex, religion, or national origin; the most important civil rights law since Reconstruction | ပြည်တွင်းစစ်ပြီးနောက် ပြန်လည်ထူထောင်ရေး ကာလနောက်ပိုင်းတွင် အရေးပါဆုံးသော လူ့အခွင့်အရေးဥပဒေဖြစ်သည်၊ လူမျိုး၊ဘာသာ၊လိင်၊ မွေးဇာတိ တို့ပေါ်မူတည်ပြီး အဆင့်ခွဲခြင်းကို တားမြစ်သော ၁၉၆၄၌ ပြဌာန်းသည့် ဥပဒေ |
| **civil rights movement** - the efforts of African American to win equal rights | လူသားချင်း တန်းတူအခွင့်အရေးအတွက် ကြိုးပမ်းအားထုတ်သော အဖရိကန္ဒယ်ဖွားအမေရိကန်တို့၏ |

| ENGLISH | BURMESE |
|---|---|
| | လှုပ်ရှားမှု |
| **civil war** - war between people of the same country | ပြည်တွင်းစစ် |
| **Civilian Conservation Corps (CCC)** - a work relief program established in 1933 as part of the New Deal to provide work for unemployed Americans during the Great Depression | အမေရိကန်စီးပွားပျက်ကပ်ကို ကျော်လွှားဖို့ နယူးဒီးခေါ် ချဉ်းကပ်မှုအသစ်ကို ပြုလုပ်ရာ ယင်း၏ အစိတ်အပိုင်း ဖြစ်သော အလုပ်လက်မဲ့ လူများအလုပ် ရစေဖို့ ၁၉၃၃တွင် ချမှတ်သော အလုပ်သမား သက်သာချောင်ချိရေး ထောက်ပန့် ကယ်ဆယ်ရေး အစီအစဉ် |
| **Cold War** - after World War II long period of intense rivalry between the Soviet Union and United States | စစ်အေးတိုက်ပွဲ၊ ဒုတိယကမ္ဘာစစ်ပြီးနောက် အမေရိကန် နှင့် ဆိုဗီယက် တို့ကြား ကာလရှည်ကြာစွာ ရန်စောင်ခြင်း |
| **Cold War** - The hostile but nonviolent struggle for power between the U.S. and the Soviet Union from the end of WWII to the fall of the Soviet Union in 1991 | ၁၉၄၅ ဒုတိယကမ္ဘာစစ်အပြီး မှစ၍ ၁၉၉၁ ဆိုဗီယက် ပြည်ထောင်စုတို့ ပြိုကွဲသည့်တိုင် အမေရိကန်နှင့် ဆိုဗီယက် တို့သည် အကြမ်းမဖက်သော်လည်း ပြင်းထန်စွာ ပါဝါလုကြသော စစ်အေးတိုက်ပွဲ |
| **collective bargaining** - process by which a union representing a group of workers negotiates with management for a contract | အလုပ်သမားထုကို ကိုယ်စားပြုသော သမဂ္ဂ၏ ကိုယ်စား လည်များက အလုပ်ရှင်ကို ညှိနှိုင်းတောင်းဆိုကာ အလုပ် သမားတို့အခွင့်ကို စာချုပ်စာတမ်းဖြင့် ချုပ်ဆိုသော လုပ်ငန်းစဉ်အဆင့်ဆင့် |
| **Columbian Exchange** - the global exchange of goods and ideas resulting from the encounter between the peoples of the Eastern and Western hemispheres | ကိုလံဘတ်သည် ကမ္ဘာ့အရှေ့ခြမ်း အနောက်ခြမ်းကို ကူးသန်းသကဲ့သို့ အရှေ့ခြမ်း အနောက်ခြမ်းတို့ မတူညီ သော အတွေးအခေါ်များ ခြားနားသော ထွက်ကုန်များကို ကမ္ဘာ့အတိုင်းအတာဖြင့် ကူးသန်းဖလှယ်ခြင်း |
| **committee of correspondence -** letter-writing campaign that become a major tool of protest in the colonies | အမေရိကန်ကိုလိုနီ၁၃ပြည်နယ်နှင့် အင်္ဂလိပ်ပြင်သစ် အပါ အဝင် ပြင်ပကမ္ဘာကို စာရေးဆက်သွယ်သော နည်းလမ်း ဖြင့် အမေရိကန် လွတ်လပ်ရေး ကြိုးပမ်းမှုတွင် အလွန် ထိရောက်သော အပိုင်းကဏ္ဍပါဝင်ခဲ့သည့်လုပ်ရပ် |
| ***Common Sense*** - a 1776 essay by Thomas Paine that urged the colonies to declare independence | ၁၇၇၆တွင် သောမတ်စ်ပိန်းရေးသားသော စာတမ်းတွင် ကိုလိုနီတို့သည် လွတ်လပ်လိုသော ဆန္ဒလူတိုင်းမှာ ရှိသည် ဟူသော စကား၏ စေ့ဆော်ချက်အရ အမေ ရိကန် လွတ်လပ်ရေး လှုပ်ရှားမှုကြီး ပေါ်ထွက်လာရန် အထောက်အကူပြုခဲ့သည်။ |
| Common Sense - a pamphlet written by Thomas Paine in 1776 that argued | ၁၇၇၆တွင်သောမတ်စ်ပိန်းရေးသားထုတ်ဝေခဲ့သည် |

| ENGLISH | BURMESE |
|---|---|
| convincingly for independence from England | လက်ကမ်းကြော်ငြာတွင် အင်္ဂလိပ်တို့လက်အောက်မှ လွတ်မြောက်သော နိုင်ငံဖြစ်သင့်ကြောင်း အများ လက်သင့် ခံလောက်စွာရေးသားထားသည့်စာတမ်း |
| **communism** - economic system in which all wealth and property are owned by the state | စီးပွား ဉစ္စာနှင့် ချမ်းသာမှုအားလုံးကို နိုင်ငံတော်ကသာ ပိုင်ဆိုင်သင့်သည်ဟူသော စီးပွားရေး အခြေခံစနစ်တရပ် ကို အကောင်အထည်ဖေါ်သည့် ဝါဒ |
| **Compromise of 1850** - agreement over slavery by which California joined the Union as a free state and a strict fugitive slave law was passed | ၁၈၅၀တွင် ကာလီဖိုးနီးယားကို ကျွန်ကင်းလွတ်သော ပြည်နယ်အဖြစ် ပြည်ထောင်စုသို့ ဝင်ခွင့်ပြုလိုက်ခြင်းဖြင့် ကျွန်လွတ်မြောက်ရေးကို တဖက်က အားပေးလိုက်သလို တဖက်ကလည်း ကျွန်ဖိနှိပ်ရေး ဥပဒေတခု ဖြစ်သည့် ထွက်ပြေးတိမ်းရှောင် နေသောကျွန်ကို ရောက်ရာပြည်နယ် ၏ ဥပဒေဘာပဲရှိရှိ ပြန်အပ်မည်ဟူသော ဥပဒေ အတည်ပြု ပေးကာ ကျွန်ပြု ကျွန်လွတ် ဝါဒ၂ဖက်ကို ညှိပေးခြင်း |
| **concentration camp** - prison camp for civilians who are considered enemies of the state | နိုင်ငံတော်အစိုးရ၏ ရန်သူဟုသတ်မှတ်ခံရသောအရပ်သား များကို ထောင်ချထားသည့် နိုင်ငံရေး အကျဉ်းစခန်း |
| Congress - the legislative branch of the federal government which consists of the Senate and the House of Representatives | ဗဟိုအစိုးရ၏ ဥပဒေပြုရာ စီးနိတ်အမတ်များ အဖွဲ့နှင့် လူများစု အလိုက်ရွေးသော လူများစုအမတ်များအဖွဲ့ တို့ဖြင့် စုဖွဲ့ထားသည့် ဥပဒေပြုရာ အမတ်တို့၏ကွန်ဂရက် |
| **conquistador** - name for the Spanish explorers who claimed lands in the Americas for Spain | အမေရိကားတိုက်သို့ လာရောက်ကာ စပိန်နိုင်ငံအတွက် နယ်မြေသစ်ရှာဖွေကြသူများ |
| **Conservatives** - during Reconstruction, white southerners who resisted change | ပြည်တွင်းစစ်ပြီးနောက် ပြန်လည်ထူထောင်ရေးကာလတွင် ပြုပြင်ပြောင်းလဲရေးကို မလိုလားသော တောင်ပိုင်း လူဖြူများ |
| **Constitutional Convention** - gathering of state representatives on May 25, 1787, to revise the Articles of Confederation | လွတ်လပ်ရေးရပြီးနောက် ၁၃ပြည်နယ် ကိုယ်စားလည် များဖြင့် စာချုပ်ချုပ်၍ တန်းတူ အခွင့်တူစနစ်ဖြင့် ပေါင်းစည်းထားသော အားကောင်းသောဗဟိုအစိုးရ မရှိ သည့်အုပ်ချုပ်ရေးမူကို ပြန်လည်ပြုပြင်ရန် ၁၇၈၇မေလ ၂၅ရက်တွင် ပြည်နယ်များ၏စည်းဝေးတိုင်ပင်ရာ ညီလာခံ |
| **containment** - the policy of trying to prevent the spread of Soviet influence beyond where it already existed | ဆိုဗီယက်ဩဇာအာဏာဟူသော ကွန်မြူနစ်ဝါဒကို ရှိပြီးသား နိုင်ငံများထက် ကျော်လွန်မပြန့်ပွားစေဖို့ |

| ENGLISH | BURMESE |
|---|---|
| | ဟန့်တားသော ပေါ်လစီ |
| **Continental Army** - army established by the Second Continental Congress to fight the British | ဒုတိယမြောက် ကိုလိုနီပြည်နယ်များညီလာခံခေါ်ပြီး နောက် ဗြိတိသျှကို ပြန်တိုက်ဖို့ ထူထောင်သော စစ်တပ် |
| **cotton gin** - invented by Eli Whitney in 1793, a machine that removes the seeds from cotton | ၁၇၉၃တွင် အီလိုင်ဝီတနီ တည်ထွင်လိုက်သော ဝါစေ့များ ကိုဝါဂွမ်းမှ ချွေထုတ်ကာ ဝါဂွမ်းသန့်သန့်ထုတ်သောစက် |
| **Cuban missile crisis -** major Cold War confrontation in 1962 | ၁၉၆၂ခုတွင် စစ်အေးကာလ၏အဓိက ပြင်းထန်သော ပဋိပက္ခဖြစ်လာသော ကျူးဘား၏ ဒုံးခွင်းဒုံး လက်နက်ကိစ္စ |
| **D** | |
| **D-Day** (June 6, 1944) - day of the invasion of Western Europe by Allied forces | မဟာမိတ်တပ်များက ဂျာမန်တို့ သိမ်းယူထားသော ပြင်သစ် နော်မန်ဒီကမ်းခြေကို ပြန်လည်သိမ်းယူတိုက်ခိုက် လိုက်သော ၁၉၄၄ဇွန်လ ၆ရက်နေ့ |
| **Declaration of Independence** - a 1776 document stating that the 13 English colonies were a free and independent nation | ၁၇၇၆တွင် ၁၃ပြည်နယ်တို့သည် မိမိတို့၏ အင်္ဂလိပ်အစိုးရ အောက်မှ လွတ်လပ်သော ပြည်နယ်များအဖြစ် မိမိတို့ လွတ်လပ်ရေးကို မိမိတို့ ကြေညာသော ကြေညာချက် |
| **demilitarized zone (DMZ)** - area from which military forces are prohibited | စစ်အင်အားများလုံးဝ မပြုလုပ်ဖို့ သတ်မှတ်ထားသောဇုံ |
| **democracy** - a system of government in which the power to rule comes from the consent of the people | ပြည်သူလူထုက လက်ခံသဘောတူသော အုပ်ချုပ်နည်း စံနစ်ကို ကျင့်သုံးသည့် အစိုးရ၏ အုပ်ချုပ်နည်းစံနစ်တခု |
| **depression -** period when business activities slows, prices and wages fall, and unemployment rises | စီးပွားရေးလုပ်ငန်းများ နှေးကွေးခြင်း၊ ကုန်ဈေးနှုန်းများ မြင့်တက်ခြင်း၊ လုပ်ခများလျော့ကျခြင်း၊ အလုပ်လက်မဲ့များ ပေါ်ခြင်းတို့ ဖြစ်ပေါ်လာသော အခြေအနေ |
| **détente** - policy to reduce tensions between two countries | နှစ်နိုင်ငံကြားတင်းမာမှုများကို လျော့စေသော ပေါ်လစီ |
| **Dictatorship -** a system of government in which one person rules and power is exercised by force. | တဦးတည်းက အုပ်ချုပ်ပြီး အာဏာပါဝါကို အင်အားသုံး ကာအတင်းအကြပ် ဖိနှိပ်ချုပ်ချယ်သော အုပ်ချုပ်ပုံစနစ် |
| **disarmament** - reduction of armed and weapons of war | စစ်လက်နက်ပစ္စည်းများကို လျော့ချခြင်း |
| **discrimination** - policy that denies equal rights to certain groups of people | တချို့သောလူစုအား တန်းတူညီမျှသော အခွင့်အရေး မပေးပဲ ပိတ်ပင်သော ပေါ်လစီကို ကျင့်သုံးခြင်း |
| **domino theory** - belief that if South Vietnam fell to communism, other countries in the region would also fall to communism | ဒိုမီနိုဖဲချပ်လေးများ ပထမတခုလဲလျှင် ကျန်ဖဲချပ်များ လိုက်ပီး လဲ သကဲ့သို့ တောင်ဗီယက်နမ် ကွန်မြူအဖြစ် ကျဆုံးလျှင် ထိုဒေသတဝိုက်ရှိ အခြားနိုင်ငံများစွာတို့ ကွန်မြူနစ် ဖြစ်မည်ဟူသော သီအိုရီ |

| ENGLISH | BURMESE |
|---|---|
| **draft** - law that requires people of a certain age to enlist in the military | သတ်မှတ်ထားသော အသက်အရွယ်ရောက်သောသူကို စစ်မှုထမ်းရန် စာရင်းသွင်းရမည် သတ်မှတ်ထားသောဥပဒေ |
| ***Dred Scott v. Sandford* -** an 1857 Supreme Court case that brought into question the federal power over slavery in the territories | ဒရက်စကော့က သခင်ဖြစ်သူ စန်ဖို့ကို သူသည် လွတ်လပ်သောပြည်နယ်မှာမွေး၍ ကျွန်အဖြစ်မှ လွတ်ကြောင်း တရားစွဲဆိုရာ ဗဟိုတရားရုံးချုပ်မှ ကျွန်သည် လွတ်လပ်သော ပြည်နယ်မှာမွေးစေကာမူ ကျွန်သာဖြစ်ကြောင်း စီရင်သော ကျွန်စနစ်ကို အားပေးခဲ့သည့် ၁၈၅၇ခုနှစ် တရား စီရင်ထုံးတခု |
| **due process** - government cannot take away a person's right to life, liberty, or property except according to rules established by laws. | ချမှတ်ထားသော ဥပဒေများနှင့် မညီပဲ ဥပဒေမဲ့စွာဖြင့် အစိုးရတရပ်သည် လူတဦး၏အသက်၊ စည်းစိမ်၊ လွတ်လပ်ခွင့်တို့ကို ချုပ်ချယ်ဖယ်ရှားခွင့်မရှိရ |
| **Dust Bowl** - region in the central Great Plains that was hit by a severe drought during the 1930s | ၁၉၃၀စသော ဆယ်စုဝန်းကျင်တွင် အလယ်ပိုင်းမြေပြန့် လွင်ပြင်ရှိဒေသကို မိုးခေါင်မှု အကြီးအကျယ်ထိခိုက်ခြင်း |
| **E** | |
| **Earth Summit** - meeting of world leaders in 1992 to discuss key environmental issue | သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေး ဆိုင်ရာ အရေးကြီးသော ကိစ္စများကို ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များ ၁၉၉၂ တွင်ဆွေးနွေးကြသော ထိပ်သီးဆွေးနွေးပွဲ |
| **Eighteenth Amendment** - 1917 constitutional amendment that made it illegal in sell alcoholic drinks | ၁၉၁၇ တွင် အခြေခံဥပဒေကို ပြင်ဆင်သော ပြင်ဆင်ချက် အမှတ် ၁၈ အရ အရက်ရောင်းချခြင်းသည် တရားမဝင်သော အလုပ်အဖြစ် ပိတ်ပင်တားမြစ်ခြင်း |
| **elastic clause** - a clause in the constitution that gives Congress authority to "make all laws which are necessary and proper" to carry out its powers | ဥပဒေပြုသော ကွန်ဂရက်သည် ဥပဒေတရပ်ကို ပြုရာ၌ လိုအပ်ပါက၊အရေးလည်းကြီးသည် ဆိုပါက ကွန်ဂရက် အနေဖြင့် ထိုဥပဒေကို ပေးထားသော လုပ်ပိုင်ခွင့်များ အရ ကွန်ဂရက်အနေဖြင့် အလျှော့အတင်းပြု၍ အဓိပ္ပါယ်ကို ဖွင့်ဆိုဖေါ်ထုတ်ခြင်းကို အခြေခံဥပဒေက ပြဋ္ဌာန်းထားခြင်း |
| **electoral college** - group of electors from every state who meet every four years to vote for the President and Vice President of the United States | ပြည်နယ်တိုင်းရှိ ရွေးချယ်တင်မြှောက်သူများ အဖွဲ့၊ ထိုအဖွဲ့ က ၄နှစ်တကြိမ် သမတနှင့်ဒုသမတကို (ယခုအခါသမတကိုသာ) ရွေးချယ်ပေးရသည်။ |
| **Emancipation Proclamation** - Lincoln's 1863 declaration freeing slaves in the Confederacy | ၁၈၆၃တွင်သမတလင်ကွန်း၏ တောင်ပိုင်းပြည်နယ်ရှိ ကျွန်များကို လွတ်လပ်ခွင့်ပေးသော ကျေညာချက် |

**SUPPLEMENTARY SOCIAL STUDIES GLOSSARY**
**UNITED STATES HISTORY (Grades 7 and 8)**
**(NOT TO BE USED FOR ELL TESTING ACCOMMODATION)**

| ENGLISH | BURMESE |
|---|---|
| **Embargo Act** - an 1807 law that imposed a total ban on foreign trade | နိုင်ငံခြားနှင့်ကုန်သွယ်မှုကို လုံးဝပိတ်ပင်ရန် ၁၈၀၇ ကထုတ်ပြန်သော ဥပဒေ |
| **encomienda** - land granted to Spanish settlers that included the right to demand labor or taxes from Native Americans | စပိန်ဘုရင်ကထုတ်ပြန်သောအမိန့်အရ အမေရိကတိုက်သို့ ပြောင်းလာသော စပိန်အခြေချနေသူတို့အား နယ်မြေပိုင်ဆိုင်ခွင့်နှင့် ဒေသခံအင်ဒီယန်းတို့ကိုလည်း အလုပ်သမားအဖြစ် ခိုင်းခွင့် အခွန်ပါကောက်ခွင့်ကို ဘုရင်က ပေးလိုက်ခြင်း၊ |
| **English Bill of Rights** - a 1689 document that guaranteed the rights of English citizens | ဗြိတိန်နိုင်ငံသား အင်္ဂလိပ်လူမျိုးတို့အား လူအခွင့်အရေး အပြည့်အဝပေးသော ၁၆၈၉ခု လူ့အခွင့်အရေး ဥပဒေ |
| **Enlightenment** - movement in Europe in the 1600s and 1700s that emphasized the use of reason | ဥရောပတိုက်တွင် တွေးတောဆင်ချင်စဉ်းစားမှုကို အသုံးပြုသော အတွေးအခေါ်များ သည် ၁၆ရာစုမှ ၁၇ရာစု အတွင်း ပေါ်ထွန်းခြင်း |
| **Environmental Protection Agency** - federal government agency that works to reduce pollution | သမတနစ်ဆင်လက်ထက် တွင်စတင်ဖွဲ့ခဲ့သည့် ဝန်ကြီးအဖွဲ့မဟုတ်သော်လည်း၄င်းအဆင့်ရှိ ဗဟိုအစိုးရတာဝန်ယူသောအဖွဲ့၊အဓိတာဝန်မှာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိမ်းသိမ်းကာကွယ်စောင့်ရှောက်ရေးဖြစ်သည် |
| **Equal Rights Amendment** - a 1923 proposed constitutional amendment intended to prohibit all discrimination based on sex; the amendment was never ratified | လိင်ပေါ်မူတည်၍ ခွဲခြား ဆက်ဆံခြင်းကို အခြေခံဥပဒေ၏ ပြင်ဆင်ချက်အဖြစ် ထည့်သွင်းရန် အမျိုးသမီးတို့က ၁၉၂၃ မှစတင် ကြိုးစားခဲ့ကြသော်လည်းယခုထိမအောင်မြင်ပေ၊ |
| **Era of Good Feelings** - the eight years of James Monroe's presidency from 1817 to 1825 | သမတအား ဖယ်ဒရယ်လစ်တို့က ပြင်းထန်စွာ ဝေဖန်တိုက်ခိုက်ခြင်း မရှိတော့ပဲ ဒီမိုကရက်တစ် ရီပါဗလီကင်ပါတီအောက်တွင် နိုင်ငံရေးသမားများ ညီညွတ်ကြကာ အရာရာကို ညှိနှိုင်းအေးချမ်းသောကာလ ၄င်းခေတ်မှာ သမတမွန်ရိုးလက်ထက် ၁၈၁၇–၁၈၂၅ ၈နှစ် ဖြစ်၏ |
| **Erie Canal** - artificial waterway opened in 1825 linking Lake Erie to the Hudson River | ဟာတ်ဆင်မြစ်နှင့် အီရီရေအိုင်ကို ဆက်သွယ်ပေးရန် တူးဖေါက်ထားသော ၁၈၂၅တွင်ဖွင့်သည့် တူးမြောင်း |
| **ethnic cleansing** - the forced removal and murder of ethnic groups from a region | အင်အားကြီးသူက အင်အားနည်းသော လူမျိုးစုငယ်ကို နိုင်ထက်စီးနင်းသဘောဖြင့် နေထိုင်ရာမှ ဖယ်ရှားရှင်းလင်းခြင်း၊ သတ်ဖြတ်ကာ ပိုမိုအင်အားလျှော့အောင်လုပ်ခြင်း၊ |
| **executive branch** - branch of government that carries out laws | အုပ်ချုပ်ရေးယန္တရားဖြစ်သော နေ့စဉ်စီမံခန့်ခွဲမှု တာဝန်ကို ထမ်းဆောင်သည့် အစိုးရအဖွဲ့၊ ဥပဒေကို ပြုလုပ်ဖို့တာဝန် |

| ENGLISH | BURMESE |
| --- | --- |
| | မရှိ၊ ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရန်မဟုတ်၊ ဥပဒေကို အတိအကျ အကောင်အထည်ဖေါ်ပေးရသည့် အဖွဲ့၊ |
| **expansionism** - policy of extending a nation's boundaries | တိုင်းပြည်တပြည်၏ နယ်မြေ အကျယ်အဝန်းကို တိုးချဲ့စေသော မူဝါဒ |
| **F** | |
| **Fascism** - political system that is rooted in militarism, extreme nationalism, and blind loyalty to the state | အစွန်းရောက် မျက်ကန်းမျိုးချစ်စိတ်၊ ပြင်းထန်သော အမျိုးသားရေးဝါဒတို့အရ စစ်အင်အားကို တိုးချဲ့သော နိုင်ငံရေးဝါဒတရပ် |
| **Federal Reserve Act** - a 1913 law that set up a system of federal bank; and gave government the power to control the money supply | ၁၉၁၃တွင် ပြည်ထောင်စုဗဟိုဘဏ်စနစ်ကို စတင်ထူထောင်ကာ အစိုးရကို ငွေစက္ကူရိုက်နှိပ်ခွင့် အာဏာကိုပါပေးလိုက်သော ငွေကြေးစနစ် |
| **federalism -** a principle of the United States Constitution that establishes the division of power between the federal government and the states | ဗဟိုအစိုးရအာဏာနှင့် ပြည်နယ်အစိုးရအာဏာကို ခွဲဝေသတ်မှတ်သုံးစွဲရန် ပြဋ္ဌာန်းထားသော အခြေခံဥပဒေ၏ မူတခု |
| **Federalist** - supporter of a strong federal government | အင်အားရှိသော ပြည်ထောင်စု ဗဟိုအစိုးရ စနစ်ကို လိုလားထောက်ခံသူ |
| **Federalist Papers** - series of essay by Federalists James Madison, Alexander Hamilton, and John Jay in support of ratifying the Constitution | အသစ်ဆွဲမည့် အခြေခံဥပဒေ တရပ်ပေါ်ထွက်လာရေး အတွက် အင်အားရှိသော ပြည်ထောင်စု ဗဟိုအစိုးရ စနစ်ကို လိုလားထောက်ခံသူများဖြစ်ကြသော ဂျိမ်းစ် မယ်ဒီဆင်၊ အလက်ဇန်းဒါ ဟဲမီလ်တန်၊ ဂျွန်ဂျေး တို့ ခေါင်းဆောင်ကာ ရေးသားကြသော စာတမ်းများ |
| **feminism** - the movement for women's equality | အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရအောင် အမျိုးသမီးတို့၏ ကြိုးပမ်းချက်များ |
| **Feudalism** - system of rule by lords who ruled their own lands but owed loyally and military service to a monarch | ရှင်ဘုရင်အား သစ္စာစောင့်သိရေးနှင့်စစ်ရေးနာခံမှု ပြုရသော်လည်း မိမိတို့ပိုင်မြေကို မိမိတို့ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရသော မြေပိုင်ရှင်ကြီးတို့၏ ကြီးစိုးသောခေတ် |
| **Fifteenth Amendment** - in 1869 amendment to the United Slates Constitution that forbids any state to deny African Americans the right to vote because of race | ပြည်နယ်တိုင်းရှိလူမျိုးရေးကြောင့် မဲပေးခွင့်ဆုံးရှုံးနေသော အဖရိက နွယ်ဖွား လူမဲအမေရိကန်များကို ၄င်းတို့၏မဲပေးခွင့်အား မတားဆီးနိုင်ရန် အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေကို ပြင်ဆင်သော ပြင်ဆင်ချက် အမှတ် ၁၅ |
| **First Amendment** - amendment to the United States Constitution that | လူတဦးချင်း၏ အခြေခံရပိုင်ခွင့်ကို အကာအကွယ် |

| ENGLISH | BURMESE |
|---|---|
| safeguards basic individual liberties | ပေးရန် အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေကို ပြင်ဆင်သော ပြင်ဆင်ချက် အမှတ် ၁ |
| **First Continental Congress** - in 1774, meeting of delegates from 12 colonies in Philadelphia | ဂျော်ဂျီယာမှတပါးကျန် ၁၂ပြည်နယ်ခေါင်းဆောင်တို့ ဖီလဒယ်ဖီးယားတွင် ၁၇၇၄ခုနှ်ဌ ဆုံကြသော ညီလာခံ |
| **flapper** - a modern woman of the Roaring Twenties | ၂၀ရာစု၏ တိုးတက်မှု လက္ခဏာအဖြစ် ၁၉၂၀ဆယ်စုနှစ် အတွင်း အမျိုးသမီးများ၏ ခေတ်ဆန်ဆန် ဝတ်စားမှုများ |
| **foreign policy** - the set of guidelines a nation follows in its relation with other nations | နိုင်ငံတကာနှင့် ဆက်ဆံဖို့ချမှတ်ထားသော နိုင်ငံခြားရေးဝါဒ |
| **Fort Sumter** - a federal fort in the harbor of Charleston, South Carolina at which the first battle of the Civil War took place on April 12, 1861 | တောင်ကရိုလိုင်းနားပြည်နယ် ချာလက်စတန်ဆိပ်ကမ်းတွင် ဗဟိုအစိုးရက တည်ဆောက်ထားသော ရေကြောင်းခံတပ်၊ ၄င်းကို ပြည်တွင်းစစ်ဖြစ်သော အခါ ပထမဆုံး စစ်ပွဲအဖြစ် စတင်တိုက်ခိုက်ခဲ့ကြသည်။ |
| **forty-niner** - one of the more than 80,000 people who joined the gold rush to California in 1849 | ၁၈၄၉ခုတွင် ကာလီဖိုးနီးယားသို့ ရွှေတူးရန် လူပေါင်း ၈သောင်းကျော်တို့ သွားရောက်သူများအနက် အုပ်စုတစုက မိမိတို့အဖွဲ့ကို ၄၉သမားများ ဟုမှည့်ခေါ်သော အမည် |
| **Founding Fathers -** leaders who laid the groundwork for the United States | အမေရိကန်ပြည်၏ အခြေခံအုတ်မြစ်ကို ချခဲ့ကြသော ခေါင်းဆောင်များကို ခေါ်သော အမည်၊ |
| **Fourteen Points** - President Wilson's goals for peace after World War I | ပထမကမ္ဘာစစ်အပြီး ငြိမ်းချမ်းရေးအတွက် သမတဝီလဆင် ကချမှတ်ခဲ့သော မူ၁၄ချက် |
| **free enterprise system** - economic system in which business are owned by private citizens who decide what to produce, how much to produce, and what prices to charge | လွတ်လပ်သောစီးပွားရေးစနစ်၊ ပိုင်ရှင်က ဘာကိုထုတ်မည် ဘယ်လောက်ထုတ်မည်၊ ဘယ်ဈေးသတ်မှတ်မည်၊ ဈေးကို ပြင်မည် စသည်ဖြင့် လွတ်လပ်စွာလုပ်ခွင့်ပြုသော လွတ်လပ်သော ပုဂ္ဂလိက စီးပွားရေး စံနစ် |
| **free market** - economic system in which goods and services are exchanged with little regulation | ထုတ်ကုန်နှင့်၊ ဝန်ဆောင်မှုလုပ်ငန်း များကို ဥပဒေ အရ ကန့်သတ်ချုပ်ချယ်မှု မရှိသလောက်နည်းပါးစွာ လွတ်လပ်ခွင့် ပေးသော စီးပွားရေးစံနစ် |
| **freedmen** - men and women who had been slaves | တချိန်က ကျွန်ဖြစ်ခဲ့သော သို့မဟုတ်ကျွန်အဖြစ် နေရမည် ဖြစ်သော အခြေအနေရှိသော်လည်း ယခု လွတ်လပ်ခွင့် ရသည့်ယောကျ်ား မိန်းမ တို့ကို ဆိုလိုသည် |
| **Freedmen's Bureau** - government agency founded during Reconstruction to help former slaves | ပြည်တွင်းစစ်ပြီး ပြန်လည်ထူထောင်ရေးကာလတွက် ကျွန်ဘဝမှ လွတ်ပြီးသူများကို အကူအညီပေးသော |

| ENGLISH | BURMESE |
|---|---|
| | အစိုးရဌာန |
| **Free-Soil party** - bipartisan antislavery party founded in the United States in 1848 to keep slavery out of the western territories | ကျွန်စနစ်ကို ဆန့်ကျင်ခြင်း၊ အနောက်ခြမ်းပြည်နယ် များသို့ ၄င်းစနစ်ပြန့်လာမှုကို တားဆီးခြင်းအတွက် လစ်ဘာတီပါတီနှင့်ဝှစ်ပါတီ တို့ကိုပေါင်း၍၁၈၄၈တွင်ဖွဲ့ထားသောပါတီ |
| **French and Indian War** - a war that took place from 1754 to 1763 that led to the end of French power in North America | ပြင်သစ်နှင့် ဌာနေရှေးဦးအမေရိကန်တို့ ၁၇၅၄–၁၇၆၃ စစ်ဖြစ်ပြီးနောက် ပြင်သစ်၏ပါဝါသည် မြောက်အမေရိကတွင်ကျဆုံးခဲ့ရသော စစ်ပွဲ |
| **French Revolution** - a 1789 rebellion in France that ended the French monarchy for a time | ပြင်သစ်ပြည်ဘုရင်ကို အဆုံးသတ်စေခဲ့သည် ၁၇၈၉ ပြင်သစ်တော်လှန်ရေး |
| **Fugitive Slave Act** - law passed in 1850 that required all citizens to aid in the capture of runaway slaves | ဆုံးဖြတ်ဖို့ခက်သောဥပဒေတခုဖြစ်ပြီး ၁၈၅၀ညှိနှိုင်းမှု၏ အစိတ်အပိုင်းဖြစ်သည်၊ ထွက်ပြေးတိမ်းရှောင်သောကျွန်ကို လိုက်လံဖမ်းဆီးရာတွင် နိုင်ငံသားတို့သည် ကူညီဖို့ လိုသည်ဆိုသဖြင့် အချို့လည်း ဆုံးဖြတ်ရခက်ကာ မလိုက်နာနိုင်ကြပေ၊ |
| **fundamentalism** - the belief that scripture should be read as the literal word of God and followed without question | ဘုရားသခင်ဟောသမျှကို ရေးသားထားသည့်စာကို ယုံကြည်လျှက် ပြန်လှန်မေးခွန်းထုတ်ဖို့မလိုပဲ လိုက်နာကျင့်သုံး ရမည်ဟူသော အခြေခံအယူအဆ နောင်အခါ ဘာသာရေး သာမက နိုင်ငံရေး ယုံကြည်ချက် စသည်တို့တွင် လည်း သုံးလာသည် |
| **G** | |
| **"Gentlemen's Agreement"** - a 1907 agreement between the United States and Japan to limit Japanese immigration | ၁၉၀၇တွင် ဆန်ဖရန်စစ္စကိုရှိ ဂျပန်အမေရိကန်ကျောင်းသားများကို လူဖြူများတက်သောကျောင်းမှာ လက်ခံဖို့ကျောင်းဘုတ်အဖွဲ့က ငြင်းဆိုသော အခါ သမတ သီအိုဒိုရူစဗဲ့က ညှိပေးကာ ဘုတ်က ပြန်လက်ခံမည်၊ ဂျပန်က  နောက်ထပ်အမေရိကန်နိုင်ငံထဲသို့ ဂျပန်များ ပြောင်းရွှေ့လာခွင့်မပြုရ ဟူသော ၂ဦး၂ဖက်သဘောတူညီချက် |
| **Gettysburg Address** - speech made by President Lincoln in 1863 after the Battle of Gettysburg | သမိုင်းတွင် အလွန်ထင်ရှား၍ အများဆုံးကိုးကားခံရသော မိန့်ခွန်း သမတလင်ကွန်းသည် ၁၈၆၃ ဂက်တီစဘတ် စစ်ပွဲ အပြီးမှာ ပြောခဲ့ခြင်းဖြစ်သည်။ |
| **Gilded Age** - the period in American history from the 1870s to the 1890s, marked by political corruption and extravagant spending | မတ်ခ်တွိန်းပေးခဲ့သော အမည်၊ အပေါ်ယံရွှေမှုန်ကြဲလိုတိုင်းပြည်ကချမ်းသာလာကာ သုံးဖြုန်းနိုင်ပီး သူဌေးကြီး |

| ENGLISH | BURMESE |
|---|---|
| | များ ပေါ်ထွက် ခဲ့သည်၊ အထဲကနောက်ချေးလို အစိုးရ အရာရှိများ လာဒ် စားမှုများဖြင့် ဆိုးဝါးသော အကောင်း အဆိုးရောနေသည့် ၁၈၇၀–၁၉၀၀ ကာလ |
| **global warming** - the slow but steady rise in the world's average temperature | အလွန်နှေးကွေးသောနှုန်းဖြစ်စေကာမူ ဖျည်းမျှအပူချိန်သည် တဖြည်းဖြည်းချင်းမြင့်ကာ ကမ္ဘာကြီးပူနွေးလာခြင်း |
| **Good Neighbor Policy** - President Franklin Roosevelt's policy intended to strengthen friendly relations with Latin America | သမတဖရန်ကလင်ဒီရူစဗဲ့၏ပေါ်လစီအရ အိမ်နီးချင်းဖြစ်သောလက်တင်အမေရိကနိုင်ငံများနှင့် ပိုမိုရင်းနှီးသော ဆက်ဆံရေးကိုထူထောင်ရန် ထိုနိုင်ငံတို့အား ပြည်တွင်းရေးများဝင်မစွက်ခြင်း၊ အထောက်အပန့်များပေးခြင်းတို့ဖြင့် ရင်းနှီးမှုပိုမိုခိုင်မာအောင်တည်ဆောက်လာခြင်း |
| **graduated income tax** - tax on earnings that charges different rates for different income levels | မတူညီသောဝင်ငွေပေါ်မူတည်ကာ ဝင်ငွေအချိုးအစား အလိုက် မတူညီသော အခွန်ကောက်နှုန်းများဖြင့် အခွန်ကို ကောက်ခံခြင်း |
| **grandfather clause** - law that excused a voter from a literacy test if his father or grandfather had been eligible to vote on January 1, 1867 | ၁၈၇၀တွင် အခြေခံဥပဒေပြင်ဆင်ချက်၁၅ ဖြင့်မဲပေးခွင့်ကို ယောကျ်ားတို့အား ပေးထားသော်လည်း လူမဲတို့ အပေါ် တတ် နိုင်သရွေ့ ကန့်သတ်ရန် စာတတ်မြောက်မှု စစ်ဆေးခြင်း အောင်မှ မဲပေးခွင့်ပြုခဲ့၏၊ ၄င်းကိုပြင်ဆင်ရန် ၁၈၆၇ ဇန်န ဝါရီ ၁ရက်နေ့ မှစ၍ အဖေသိုမဟုတ် အဖိုးက မဲပေးခွင့် ရှိပြီးဖြစ်ပါက စာတတ်မှု စစ်ဖို့မလိုပဲ မဲပေးခွင့် ပြုသော ဥပဒေ |
| **Great Awakening** - religious movement in the English colonies in the early 1700s | ၁၇ရာစုနှစ်ဦးပိုင်းကာလများတွင် သိပ္ပံပညာထွန်းကားမှု ကြောင့်လူတို့အတွေးအခေါ်များ ရင့်ကျက်လာ၍ ဘာသာ ရေးအပေါ်ဆန်းစစ်မှု နိုးကြားမှုများ ဖြစ်လာရာ ကိုလိုနီများ အနေဖြင့်လည်း နောက်ပိုင်းတော်လှန်ရေး ဖြစ်စေဖို့ အထောက်အကူဖြစ်စေသော အသိအမြင် နိုးကြားမှု |
| **Great Compromise** - plan at the Constitutional Convention that settled the differences between large and small states | ငယ်သောပြည်နယ်ဖက်ကအခွင့်အရေးမနာစေရန် ဆီးနိတ် ကြီးသောပြည်နယ်ဖက်က အခွင့်အရေးမဆုံးစေရန် လူများစုလွှတ်တော်ဟူ၍ ၂ခုကိုညှိပေးသော အခြေခံ ဥပဒေ၏ ကြီးမြတ်သော ညှိနှိုင်းဖြေရှင်းချက် |
| **Great Depression** - worst period of economy decline in United States history beginning in 1929 | ၁၉၂၉မှစတင်ခဲ့သော အမေရိကန်၏ စီးပွားပျက်ကပ် |

| ENGLISH | BURMESE |
|---|---|
| **H** | |
| **habeas corpus** - the right not to be held in prison without first being charged with a specific crime | ရာဇဝတ်မှုဖြင့်ခိုင်လုံသောစွဲဆိုချက် မပြနိုင်ပဲ လူတဦးအား ဖမ်းဆီးချုပ်နှောင်ခြင်း ပြုခွင့်မရှိသော အမိန့်စာချွန် |
| **Holocaust** - slaughter of Europe's Jews by the Nazis before and during Word War II | ဒုတိယကမ္ဘာစစ်မတိုင်မှီနှင့် စစ်အတွင်း ဥရောပတိုက်ရှိ ဂျူးလူမျိုးသန်းပေါင်းများစွာကို နာဇီတို့အစုအပြုံလိုက် သတ်ဖြတ်ခဲ့သည့် အဖြစ်အပျက် |
| **House of Burgesses** - representative assembly in colonial Virginia | ပထမဆုံးကိုလိုနီပြည်နယ်ဖြစ်လာသည့် ဗာဂျီးနီးယားကို အုပ်ချုပ်ဖို့ ကိုလိုနီ အမေရိကန်များက ရွေးကောက်သော အစိုးရ အဖွဲ့ဝင် |
| **House of Representatives** - the larger of the two bodies that makes up the legislative branch of the United States government | အမေရိကန်ပြည်ထောင်စု၏ ဥပဒေပြု အစိုးရအဖွဲ့ကို ၂ဖွဲ့ ခွဲထားသည့်အနက် လူဦးရေအလိုက်ရွေးရသော တပြည်လုံးတွင်ယခုအခါ ၄၃၅ဦးပါဝင်သည့် လူများစုလွှတ်တော် |
| **Hundred Days** - first hundred days of President Franklin D. Roosevelt's presidency | ဖရင်ကလင်ဒီရူစဗဲ့ သမတဖြစ်ဖြစ်ချင်း အမေရိကန် စီးပွားပျက်ကပ်ကို ရင်ဆိုင်ရာတွင် ရက်၁၀၀အတွင်းသမတ၏ အလုပ်လုပ်ပုံ နှင့် ပြဿနာရင်ဆိုင်ပုံများ |
| **I** | |
| **ILGWU** (International Ladies' Garment Workers Union) - Union of garment workers formed in 1900 | ၁၉၀၀တွင်နယူးယောက်မြို့မှာ ဖွဲ့ခဲ့သော နိုင်ငံတကာ ထည်ချုပ်နှင့်အဝတ်အထည်လုပ်ငန်းဆိုင်ရာ အမျိုးသမီး အလုပ်သမားသမဂ္ဂ |
| **Impeach** - to bring charges of serious wrongdoing against a public official | အစိုးရဝန်ထမ်းအား ၄င်း၏ပြစ်မှု ကျူးလွန်းမှုအပေါ် အရေးယူရန် ရုံးတင်တရားစွဲခြင်း၊ |
| **imperialism** - policy of powerful countries seeking to control the economic and political affairs of weaker countries *or* regions | အင်အားနဲသော တိုင်းပြည်များ၊ဒေသများကို အားကြီးသောနိုင်ငံများ၊ ဒေသများက စီးပွားရေးနိုင်ငံရေးအရ နိုင်ထက်စီးနင်း ချုပ်ကိုင်သော မူဝါဒသဘောတရား |
| **inauguration** - ceremony in which the President officially takes the oath of office | သမတအဖြစ် စတင်တာဝန်ထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုသော နိုင်ငံတော်အခမ်းအနား |
| **indentured servant** - person who agreed to work without wages for a period of time in exchange for passage to the colonies | ကိုလိုနီပြည်နယ်များသို့ အလုပ်လာလုပ်သော လူဖြူများ ပိုက်ဆံမရှိသဖြင့်  သင်္ဘောခ၊ စားစရိပ်အပါအဝင် ကုန်ကျစရိပ် မတတ်နိုင်ပါက တရားဝင်စာချုပ်ချုပ်ကာ စရိပ်ကို စိုက်ပေးထားပါက ၃နှစ်မှ၇နှစ်အထိ လုပ်ခမယူ ပဲ အလုပ်လုပ်ပေး၍ ပြန်ဆပ်ပါမည်ဟူသော ကတိဖြင့် |

| ENGLISH | BURMESE |
|---|---|
| | အလုပ်လုပ်သူများ |
| **Indian Removal Act** - law passed in 1830 that force Native Americans to move west of the Mississippi River | ဌာနေရှေးဦး အမေရိကန်များအား မစ္စစ္စပီမြစ်၏ အနောက်ခြမ်းသို့ ရွှေ့ပြောင်းစေခဲ့သော ၁၈၃၀ကပြဌာန်းသည့် ဥပဒေ |
| **Industrial Revolution -** gradual process by which machines replaced hand tools | ခွန်အားသုံး၍ ထုတ်လုပ်ခြင်းမှ စက်များကို အစားထိုးကာ ကုန်ထုတ်လုပ်မှု နည်းပညာဖြေးဖြေးခြင်းတိုးတက် လာသော စက်မှုတော်လှန်ရေး |
| **inflation** - a rise in prices and a decrease in the value of money | ကုန်စျေးနှုန်းများ အဆမတန်တက်လာပြီး ငွေကြေးတန်ဖိုးလျော့ကျကာ ငွေကြေးဖေါင်းပွခြင်း၊ |
| **infrastructure** - system of roads, bridges, and tunnels | တိုင်းပြည်တပြည်၏ နိုင်ငံရေး၊ စီးပွားရေးစနစ်ကို အခြေခံအဆောက်အအုံဟုခေါ်သကဲ့သို့ လမ်းတံတား၊ ဆက်သွယ်ရေး စနစ်၊ ခေတ်မှီနည်းပညာဖြင့် လူနေမှုမွန်းမံပြင်ဆင်ထားခြင်းများကို  အပေါ်ထပ်အဆောက်အအုံခေါ်သည် |
| **integration** - mixing of different racial or ethnic groups | မတူညီသော တိုင်းရင်းသားလူမျိုးအသီးသီး၊ အသားအရောင် အမျိုးမျိုး တို့ကို ရောနှောကာအတူနေကြခြင်း |
| **Intolerable Acts** - series of laws passed in 1774 to punish Boston for the Tea Party | ၁၇၇၃ဘော့စတွန် လ္ဘက်ခြောက် ပြဿနာကို အပြစ်ပေးဖို့ ဗြိတိသျှပါလီမန်က ပြဌာန်းသော ဥပဒေ ၄ခု အပါအဝင် ၁၇၇၄ခုတွင် ကိုလိုနီတို့အား ဖိနှိပ်ချုပ်ချယ်ရန် ပြဌာန်းခဲ့သော သည်းမခံနိုင်လောက်သော ဥပဒေများ |
| **Islam** - monotheistic religion founded by the prophet Muhammad in the early 600s | ဖြာစုစောပိုင်းကာလက တမန်တော်မိုဟာမက် တည်ထောင် ခဲ့သော တဆူတည်းသော ဘုရား အလာဒ်အရှင်မြတ်ကို ကိုးကွယ်သည့်ဘာသာ |
| **Isolationist -** after World War I, American who wanted the United States to stay out of world affairs | ပထမကမ္ဘာစစ်အပြီး အခြားနိုင်ငံများအရေးတွင် ပါဝင်ပတ်သက်မှုကို မလိုလားပဲ ခပ်ကင်းကင်းနေကာ ကိုယ့်ပြည်တွင်း ကိစ္စကိုသာ အာရုံစိုက်လိုသော သဘောထား |
| **J** | |
| **Jay's Treaty** - a 1795 agreement between Britain and the United States that called for Britain to pay damages for seized American ships and to give up forts it still held in the West | ၁၇၉၅တွင် အမေရိကန်နှင့်ဗြိတိန်တို့ ၂ဖက်လုံးလက်ခံ နိုင်သော စာချုပ်ကို ဂျွန်ဂျေးကသွားရောက်ချုပ်ဆိုရာတွင် အင်္ဂလိပ်တို့ကဖမ်းထားသောအမေရိကန်သင်္ဘော များကို ပျက်စီးနစ်နာကြေးနှင့်တကွပြန်ပေးရန်၊ အမေရိကန် အနောက်ခြမ်းဒေသရှိအင်္ဂလိပ်တို့ သိမ်းထားသော |

| ENGLISH | BURMESE |
|---|---|
| | ခံတပ်များကိုလည်းပြန်ပေးရန်၊ အင်္ဂလိပ်တို့ ဖက်ကိုလည်း အချို့သော လိုက်လျှောမှုများ ပေးမည့်စာချုပ်ကို ချုပ်ခဲ့ ရာ၄င်းစာချုပ်အရ တိုင်းပြည်ခေါင်းဆောင်များ သဘောထား ကွဲလွဲမှု အကြီးအကျယ်ဖြစ်ကာ နောက်ဆုံး အင်္ဂလိပ်နှင့်စစ်ပြန်တိုက်ဖြစ်ခဲ့သည်။ |
| **Jim Crow laws** - laws that separated people of different races in public places in the South | တောင်ပိုင်းပြည်နယ်များတွင် လူဖြူများနှင့် အခြားလူများ တို့ကို တန်းတူ အခွင့်ဖြစ်စေသည် သို့သော် မရောပဲ သီးသန့်ခွဲထားမည်ဟူသော မူအရ အများဆိုင်နေရာတို့ တွင် လူဖြူအတွက် သီးခြားခွဲထားရသော ဥပဒေ |
| **judicial branch -** branch of government that decides if laws are carried out fairly | အုပ်ချုပ်ရေးနှင့်ဥပဒေပြု အစိုးရ၂ရပ်သည် တရားဥပဒေ နှင့်အညီ မျှတစွာ အလုပ်လုပ်မလုပ်ကို ဆုံးဖြတ်ရသော အစိုးရအဖွဲ့အစည်းတခု၊ |
| **judicial review** - power of the Supreme Court to decide whether the acts of a President or laws passed by Congress are constitutional | ကွန်ဂရက်ကလုပ်သော ဥပဒေများ၊ သမတက လုပ်သော ဥပဒေကြမ်း များတို့သည် အခြေခံ ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိကို တရားလွှတ်တော်ချုပ် အနေဖြင့်ဆန်းစစ် ဝေဖန်သော အာဏာ |
| **judiciary Act** - a 1789 law that created the structure of the Supreme Court and set up a system of district courts and circuit courts for the nation | ၁၇၈၉ခု ပထမဆုံးကွန်ဂရက်အစည်းအဝေးမှနေ၍ တရား လွှတ်တော်ချုပ်ရုံးနှင့် တကွအောက်ရုံး အဆင့်ဆင့် ဖြစ်ကြ သော ဒေသတရားရုံး ဒေသတခုအတွင်း တရား သူကြီး များ လှည့်ပတ် စစ်ဆေး ရသော ပထမဆုံး ကြားနာ သောရုံး စသည်အဆင့်ဆင့်ကို တည်ထွင်ရသော ဥပဒေ |
| **jury duty** - the responsibility of every citizen to serve on a jury when called | နိုင်ငံသားတဦးသည် လိုအပ်၍ ဆင့်ခေါ်လျှင် တရားစီရင် မှုတွင်ပါဝင်ရသော အရပ်သားတရားသူကြီး၏ အတိုင်ပင်ခံအဖွဲ့ဝင် တရားစီရင်မှုတွင် တည်းဖြတ်သူ အဖြစ်လုပ်ရမည့်တာဝန် |
| **K** | |
| **kamikaze** - World War II Japanese pilot trained to make a suicidal crash attack, usually upon a ship | ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်လေသူရဲများကိုမိမိလေယာဉ် နှင့်တကွ ရန်သူသင်္ဘောပေါ်သို့ ထိုးစိုက်ချတိုက်ခိုက်ကာ အသေခံဖို့လေ့ကျင့်ထားသော အသက်စွန့်တိုက်ခိုက်နည်း |
| **Kentucky and Virginia resolutions** - declarations passed in 1798 and 1799 that claimed that each state has the right to decide whether a federal law is | ဖယ်ဒရယ်ဥပဒေများသည် အခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိကို ဆုံးဖြတ်ခွင့်သည် ပြည်နယ်တိုင်းတွင်ရှိသည် ဟူ |

| ENGLISH | BURMESE |
|---|---|
| constitutional | သော ဆုံးဖြတ်ချက်များကို ၁၇၉၈နှင့်၁၇၉၉တို့တွင် အတည်ပြုခဲ့သော အတည်ပြုချက်များ |
| **Khmer Rouge** - communist party in Cambodia that imposed a reign of terror on Cambodian citizens | ၁၉၇၀၏ဆယ်စုနှစ်နှောင်းကာလတွင်ကမ္ဘောဒီးယားကို အုပ်ချုပ်ခဲ့သော ခမာနီခေါ်ကွန်မြူနစ်ပါတီ၊ ကိုယ့်လူမျိုး လူတသန်းခွဲခန့် (လူဦးရေ၏ငါးပုံတပုံ)ကို သတ်ဖြတ်ခဲ့သည်၊ |
| **Knights of Labor** - an American labor organization founded in 1869 to protect the rights of workers | အမေရိကန်အလုပ်သမားတို့၏ ရပိုင်ခွင့်ကို ကာကွယ်ရန် ၁၈၆၉တွင် ထူထောင်ခဲ့သော အလုပ်သမားအဖွဲ့ |
| **Ku Klux Klan** - secret society organized in the South after the Civil War to reassert white supremacy by means of violence | ပြည်တွင်းစစ်အပြီးတွင် တောင်ပိုင်းပြည်နယ်များ၌ အကြမ်းဖက်အင်အားသုံးကာ လူဖြူတို့၏ အနိုင်ကျင့်စိုးမိုးရေးကို ပြန်လည်ထူထောင်ဖို့ လျှို့ဝှက်ဖွဲ့စည်းခဲ့သောအဖွဲ့အမည် |
| **L** | |
| **laissez faire** - idea that government should play as small a role as possible in economic affairs | စီးပွားရေးကိစ္စများတွင် အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်မှုနဲပါးခြင်း(သို့) မစွက်ဖက်ခြင်းကို လက်ခံသော မူဝါဒ |
| **League of Nations** - association of nations formed after World War I under Wilson's Fourteen Points plan | ပထမကမ္ဘာစစ်အပြီး အမေရိကန်သမတ ဝီလဆင်၏ မူ ၁၄ ချက်အရ ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အဖွဲ့ |
| **League of the Iroquois** - alliance of the five Iroquois nations | အမေရိကန်လွတ်လပ်ရေးမတိုင်မီ ဌာနေရှေးဦးအမေရိကန် အုပ်စု၅စု (မကြာမီတစုထပ်တိုးကာ ၆စု)တို့၏ ပူးတွဲအဖွဲ့ |
| **League of Women Voters** - organization established in 1920 to promote rights for women | ၁၉၂၀တွင်ဖွဲ့စည်းခဲ့သော အမျိုးသမီးအခွင့်အရေးအတွက် အဖွဲ့ |
| **legislative branch -** branch of government that passes laws | အစိုးရအဖွဲ့အစည်း၃ခုအနက် ဥပဒေကို ပြုလုပ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ပြုလုပ်သော အဖွဲ့အစည်း |
| **legislature** - group of people who have the power to make laws | ဥပဒေပြုရန်လူထုက ရွေးကောက်တင်မြှောက်ထားသူများ |
| **Lend Lease Act** - during World War II, the law allowed the United States to sell arms and equipment to Britain | ဒုတိယကမ္ဘာစစ်ကြောင့် အမေရိကန်၏ မဟာမိတ်နိုင်ငံများသို့ စစ်လက်နက်များရောင်းချခွင့်ဆိုင်ရာ ဥပဒေ၊ ၎င်းအရ ဗြိတိန်သို့ လက်နက်များ၊ တပ်ဆင်ပေးခဲ့သည်။ |
| **Liberty Bonds** - bonds sold by the United States government to raise money for World War I | ပထမကမ္ဘာစစ်အတွက် လိုအပ်သောစစ်သုံးစရိတ် ကို တိုးမြှင့်ရန်လူထုသို့ ရောင်းချငွေရှာသော အာမခံစာချုပ် |
| **limited government** - a principle of the United States that states that government has only the powers that the constitution gives it | အခြေခံဥပဒေကခွင့်ပြုသော ဘောင်ကန့်သတ်ချက်အတွင်းမှသာ အစိုးရတရပ်၏ အာဏာကို တည်ဆောက်ထားသော အမေရိကန်အစိုးရ၏အခြေခံမူတရပ် |
| **literacy test** - examination to see if a | စာရေး၊စာဖတ်တတ်ခြင်းကို စစ်ဆေးသော စာမေးပွဲ |

| ENGLISH | BURMESE |
|---|---|
| person can read and write; used in the past to restrict voting rights | ရွေးကာလ၌ ၎င်းစာမေးပွဲကို အသုံးပြုကာ မဲပေးခွင့်များ ကို ကန့်သတ်တင်းကြပ်မှုများ လုပ်ခဲ့ဖူးသည် |
| **Louisiana Purchase** - vast territory between Mississippi River and Rocky Mountains, purchased from France in 1803 | ၁၈၀၃တွင် သမတ သောမတ်ဂျက်ဖာဆင်က ပြင်သစ်ဘုရင် နပိုလီယန်ထံမှ ဒေါ်လာ၁၅သန်းပေးကာ မစ္စ စပီမြစ်မှ ရော်ကီးတောင်တန်းများထိ အလွန်ကျယ်ပြန့် သည့် မြေများကို ဝယ်ယူခဲ့ခြင်း၊ |
| **Loyalist** - colonist who remained loyal to Britain | အမေရိကန်လွတ်လပ်ရေး ကြိုးပမ်းချိန်တွင် ဗြိတိန်နိုင်ငံ ကိုသာသစ္စာတော်ခံလိုသော လူဖြူအုပ်စုများ |
| **lynch** - for a mob to illegally seize and execute someone | လူအုပ်စုက လူတဦးကို တရားဥပဒေကြောင်းအရ မဟုတ်ပဲ အုပ်စုအင်အားဖြင့်ဖမ်းဆီးချုပ်နှောင်ကာ သေဒဏ်စီရင်ခြင်း |
| **M** | |
| **Magna Carta** - signed in 1215, a British document that contained two basic ideas: monarchs themselves have to obey the laws and citizens have basic rights | ဘုရင်စနစ်၏ သက်ဦးဆံပိုင်အာဏာကိုစတင် ကန့်သတ် နိုင်ခဲ့သော သမိုင်းဝင်ဗြိတိန်၏ လက်တင်ဘာသာဖြင့် ၁၂၁၅ခုကရေးခဲ့သောစာချုပ် အဓိ၂ချက်မှာ ဘုရင်များ သည်ဥပဒေကိုလိုက်နာရမည်၊ ပြည်သူတို့သည်အခြေခံ အခွင့်အရေးများရပိုင်ခွင့်ရှိသည်ဟု ပါရှိသည်။ |
| **Manifest Destiny** - 1800s belief that Americans had the right to spread across the continent | ၁၈ရာစုနှစ်များတွင် အမေရိကန်တို့အနေဖြင့် ၎င်းတို့၏ တိုင်းပြည်ကို အတ္တလန္တိတ် ကမ်းခြေမှ ပစိဖိတ် ကမ်းခြေ အထိ ကျယ်ပြန့်စွာ ချဲ့ထွင်ခွင့် ရရှိသည်ဟု ယုံကြည်ချက် |
| **Marshall Plan** - American plan to help European nations rebuild their economies after World War II | ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်ဘဏ္ဍာရေးဝန်ကြီး မာရှယ်၏ ဥရောပတိုင်းပြည်များကို စစ်ကြောင့်ပြန်လည် ထူထောင်ရေးအတွက် ငွေကြေးကူညီထောက်ပန့်ဖို့မှု၊ အဓိကအားဖြင့်ကွန်မြူနစ်အန္တရယ်ကို ကာကွယ်ဖို့ အနောက်အုပ်စုထူထောင်ရန် ပါ ရည်ရွယ်သည်။ |
| **martial law** - rule by the army instead of the elected government | ရွေးကောက်တင်မြှောက်ထားသောအစိုးရနေရာကို စစ်ဗိုလ် ချုပ်ကဝင်ယူကာတိုင်းပြည်ကိုစစ်ဥပဒေဖြင့်အုပ်ချုပ်ခြင်း၊ |
| **mass production** - process of making large quantities of a product quickly and cheaply | ထုတ်ကုန်ကို မြန်မြန်ဈေးပေါပေါထုတ်နိုင်ရန် တပြိုင်နက် များစွာထုတ်နိုင်သော ကုန်ထုတ်နည်းစနစ် |
| **Mayflower Compact** - a 1620 agreement for ruling the Plymouth Colony | ဘုရားရှိခိုးကျောင်းတို့၏ချုပ်ကိုင်မှုကိုမခံလိုသော လွတ်လပ် ကိုးကွယ်လိုသူတိုသည် ဗြိတိန်မှအမေရိကန်သို့ မေဖလား |

| ENGLISH | BURMESE |
|---|---|
| | ဝါး သင်္ဘောဖြင့်ထွက်လာရာ၁၆၂၀တွင်ပလိုင်းမောက် သို့ ရောက်ရှိ၍ ၎င်းတို့လက်မှတ်ရေးထိုးကာ ၎င်းတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုရေးထိုးထားသော ပထမဆုံး လွတ်လပ်စွာ အုပ်ချုပ်ရေး ဆိုင်ရာကြေငြာသောစာချုပ် |
| **mercantilism -** theory that a nation's economic strength came from keeping *a* strict control over its colonial trade | တိုင်းပြည်စီးပွားရေးဆိုင်ရာ ခနအင်အားသည် အစိုးရ အနေဖြင့် ၎င်း၏ကိုလိုနီများနှင့်ကုန်သွယ်မှုကို ထိန်းချုပ်ထားမှုအပေါ်တည်သည်ဟူသော စီးပွားရေးသီအိုရီ |
| **mercenary** - soldier who fights merely to pay, often for a foreign country | ကြေးစားစစ်သား၊ အများအားဖြင့် နိုင်ငံခြားတွင် စစ်တိုက်ဖို့ငွားလေ့ရှိ၍ |
| **mestizo** - in Spain's American colonies, person of mixed Spanish and Indian background | အမေရိကန်သို့ရောက်လာသောစပိန်လူမျိုးများနှင့် ဌာနေရေးဦး လူမျိုးတို့အိမ်ထောင်ပြုကာမွေးလာသူကလေး များကို စပိန်ဘုရင်ကခေါ်သော အမည် နောင်အခါ စပိန်နှင့်အခြား လူမျိုးတဦးဦးသွေးနှောသူတိုင်းကို ခေါ်သည်၊ |
| **militarism** - the policy of building up strong armed forces to prepare for war | စစ်ဝါဒီ စစ်ဖြစ်ဖို့အင်အားကြီးသောစစ်တပ်ထူထောင်ရေးမူ |
| **militia** - army of citizens who serve as soldiers during an emergency | အရေးပေါ်လိုအပ်လျှင် သာမန်အရပ်သားတို့ကို စစ်သားအဖြစ်အချိန်ကာလတခုထိလက်နက်ကိုင်စစ်မှုထမ်းစေသူများ |
| **minuteman** - colonial militia volunteer who was prepared to fight at a minute's notice | ကိုလိုနီတို့၏လွတ်လပ်ရေးစစ်အတွက် အရပ်သားများကို ၎င်းတို့၏ဆန္ဒအရ အလျင်အမြန်စစ်သားသစ်စုဆောင်းကာ လွတ်လပ်ရေးတိုက်ပွဲကို စတင်ပါဝင်ခဲ့ကြသူများ |
| **Missouri Compromise** - agreement, proposed in 1819 by Henry Clay, to keep the number of slave and free states equal | ကျွန်လက်ခံပြည်နယ်နှင့် ကျွန်ကိုလက်မခံသောပြည်နယ် ၁၀ခုစီရှိနေရာ မစ်ဇူရီပြည်နယ်က ကျွန်ပြည်နယ်အဖြစ်ဝင်လာသည်ကို လက်မခံနိုင်သဖြင့် ဟင်နရီကလေးက ကြားဝင်ညှိနှိုင်းကာ မိန်းပြည်နယ်ကို ကျွန် လက်မခံသောပြည်နယ်အဖြစ် သတ်မှတ်ပြီး ၁၁ခုစီ အင်အားညှိယူသော ၁၈၁၉ခုနှစ် စေ့စပ်ညှိနှိုင်းမှု |
| **Monroe Doctrine** - President Monroe's foreign policy statement warning European nations not to interfere in Latin America | သမတမွန်ရိုး၏၁၈၂၃တွင်ကြေငြာသောနိုင်ငံခြားရေးပေါ်လစီ၊လက်တင်အမေရိကကို ဥရောပ (အဓိကအားဖြင့် စပိန်နှင့်ပြိတိန်)တို့ကဝင်ရောက် မစွက်ဖက်ရန်သတိပေးချက် |
| **moral diplomacy** - President Wilson's policy of condemning imperialism, spreading democracy, and promoting | နယ်ချဲ့ဝါဒကို ရှုတ်ချခြင်း၊ ဒီမိုကရေစီဝါဒပြန့်နှံ့စေခြင်း ငြိမ်းချမ်းရေးကိုပိုမို အရှိန်မြှင့်တင်ခြင်းကို သမတဝီလဆင်က |

| ENGLISH | BURMESE |
|---|---|
| peace | ရွေးကောက်ပွဲကတိအတိုင်းဆောင်ရွက်သော ထိုခေတ်က အမေရိကန်၏ နိုင်ငံခြားရေးဝါဒ သို့သော် ပထမကမ္ဘာစစ် နောက်ပိုင်း ၎င်းဝါဒကို ပြောင်းလဲကာ စစ်ထဲဝင်လာရ၏၊ |
| **Mormons -** members of the Church of Jesus Christ of Latter-Day Saints founded by Joseph Smith in 1830 | ၁၈၃၀တွင် ဂျိုးဇက်စမစ်တည်ထောင်သော လက်တာဒေး စိန့်ဘုရားရှိခိုးကျောင်း၏ ခရစ်ယန်ဘာသာကွဲတမျိုး |
| **moving assembly line** - method of production in which workers stay in one place as products edge along a moving belt | အလုပ်သမားများက ကိုယ့်နေရာရပ်နေကာ ရွေ့နေသော ခါးပတ်ကြီးမှ ထုတ်ကုန်ကို အနားသို့သယ်လာသောအခါ ကောက်တပ် လိုက်သော ပစ္စည်းကိုတပ်ဆင်သည့်စနစ် |
| **muckraker** - journalist who exposed corruption and other problems of the late 1800s and early 1900s | ၁၈ရာစုနှောင်းပိုင်း၊ ၁၉ရာစုအစကာလတွင် လာဒ်စားမှု အပါအဝင် ကလေးလုပ်သား၊ လစာနဲနဲပေးကာ အချိန်ပို ခိုင်းစေမှု စသော မတရားမှုတို့ကို ဖေါ်ထုတ်သော စာနယ် ဇင်း သမားတို့ကို ခေါ်သော အမည် |
| **Munich Conference** - a 1938 meeting of the leaders of Britain, France, Italy, and Germany at which an agreement was signed giving part of Czechoslovakia to Hitler | ဗြိတိန်၊ပြင်သစ်၊ဂျာမဏီ၊အီတလီခေါင်းဆောင်များသည် ချက်ကိုစလိုဗားကီးယားပြည်နယ်ခေါင်းဆောင်မပါပဲ ချက် ၏ အစိတ်အပိုင်းကို အိမ်နီးချင်းဖြစ်သော ဂျာမဏီသို့ပေး ရန် ၁၈၃၈မြူးနှစ်တွင်တွေ့ဆုံကာ ဆုံးဖြတ်သောဆွေးနွေးပွဲ |
| **N** | |
| **NAACP** (National Association for the Advancement of Colored People) - organization founded in 1909 to work toward equal fights for African Americans | လူဖြူမဟုတ်သော အခြားအရောင်ရှိလူများ၏ အခွင့် အရေးများအတွက် တပြည်လုံးဆိုင်ရာ အရောင်ရှိသူများ အသင်းကို၁၉၀၉တွင်ဖွဲ့စည်းသည် အဓိကမှာ လူမဲတို့၏ အခွင့်အရေးဆိုင်ရာ တိုက်ပွဲဝင် အဖွဲ့အစည်းဖြစ်သည် |
| **National Aeronautics and Space Administration** (NASA) - government agency that directs the American space program | နာဆာခေါ် အာကာသယာဉ်မှူးများနှင့် အာကာသဆိုင်ရာ လေ့လာရေး ကိစ္စများအတွက် ၁၉၅၈တွင် ထူထောင်သော အစိုးရအဖွဲ့ |
| **National Woman Suffrage Association** - group set up in 1869 to work for a constitutional amendment to give women the right to vote | အခြေခံဥပဒေပြင်ဆင်ချက်၁၅အရ အမျိုးသမီးများတို့၏ မဲပေးခွင့်အပြည့်အဝရရှိရေးအတွက် ၁၈၆၉တွင်နယူး ယောက်မြို့မှာ ထူထောင်ခဲ့သော အသင်း |
| **nationalism** - excessive pride in one's nation | အမျိုးသားရေးဝါဒ မိမိတိုင်းပြည်ကောင်းစားရေးသက်သက် ကိုသာအလွန်အကျွံ ဦးစားပေး အစွဲကြီး သောဝါဒ |
| **nativism** - antiforeign belief opposed to immigration | ဇာတိချက်ကြွေ ပြည်တွင်းမွေးဖွားသူများကိုသာ ဦးစားပေး ကာ တခြားတပြည်တရွာမှ ပြောင်းလာသူများအတွက် |

| ENGLISH | BURMESE |
|---|---|
| | အခွင့်အရေးကို ကန့်သတ်ချက်ထားသော မူဝါဒ |
| **Navajo code-talkers** - during World II, Navajo soldiers who used their own language to radio vita messages during the island-hopping campaign | အမေရိကန်အနောက်တောင်ပိုင်းကျွန်းများပေါ်နေ နဗားဂျိုးကျွန်းသားစကားသည် စာမရှိပဲ ရှုပ်ထွေးသော ဘာသာစကားတမျိုးဖြစ်၍ ၎င်းကို လျှို့ဝှက်သင်္ကေတအဖြစ်သုံးရန် ၎င်းလူမျိုးစစ်သားတို့အား အသုံးပြုခြင်း၊ |
| **Navigation Acts** - series of English laws in the 1650s that regulated trade between England and its colonies | ၁၆၅၀၏ဆယ်စုနှစ်များအတွင်းဗြိတိန်နိုင်ငံအနေဖြင့် ၎င်း၏ ကိုလိုနီနိုင်ငံများထံမှ ရေကြောင်းဆိုင်ရာကုန်သွယ်မှု အထူး အခွင့်အရေးများအတွက် ချမှတ်ထားသော ဥပဒေများ |
| **Nazi** - member of the National Socialist German Workers' Party | ဂျာမန်အမျိုးသားဆိုရှယ်လစ်အလုပ်သမားပါတီ ဟစ်တလာက ၁၉၂၀ဝန်းကျင်မှာထူထောင်ကာ ၁၉၃၃အာဏာ ရလာသောအခါ အမျိုးသားရေးဝါဒကို သွပ်သွင်းကာ စစ်ရေးပြင်ဆင်လျှက် ဒုတိယကမ္ဘာစစ်ကို ဖြစ်စေခဲ့သည် |
| **Nazi-Soviet Pact** - agreement signed between Hitler and Stalin in 1939 in which the two dictators agreed not to attack each other | ဟစ်တလာနှင့်စတာလင်တို့ တပြည်နှင့်တပြည် မတိုက်ခိုက်ဖို့ ၁၉၃၉တွင် ၂ဦးသဘောတူချုပ်ဆိုသောစာချုပ် |
| **Neutrality Acts** - series of laws passed by Congress in 1935 that banned arms sales or loans to countries at war | ၁၉၃၅တွင် ကွန်ဂရက်ကချမှတ်ခဲ့သောကြားနေဥပဒေများအရစစ်ဖြစ်နေသောတိုင်းပြည်များသို့လက်နက်ရောင်းခြင်း၊ငွေချေးခြင်းစသည်တို့ကိုပိတ်ပင်သောဥပဒေများ |
| **Neutrality Proclamation** - a 1793 statement by President Washington that the United States would not support or aid either France or Britain in their European conflict | ပြင်သစ်နှင့်အင်္ဂလိပ်တို့စစ်ဖြစ်လာသော၁၇၉၃တွင် ဂျော့ဝါရှင်တန်အနေဖြင့် ပြင်သစ်သည် ပြည်တွင်းစစ်ကကူညီခဲ့သူ၊ အင်္ဂလိပ်မှာ လက်ရှိငွေကြေးထောက်ပန့် နေသူဖြစ်သော်လည်း ထူထောင်စဖြစ်သောတိုင်းပြည် ဖြစ်သည့် အမေရိကန်ကို မည်သည့်ဘက်မှ မလိုက်စေပဲ ၎င်း ၂ပြည်သို့ ပို့နေသောအထောက်အကူပစ္စည်းများကို မပို့တော့ပဲ ရပ်ဆိုင်းရန်ကျေညာသော ကျေညာချက် |
| **New Deal** - program of President Franklin D. Roosevelt to end the Great Depression | သမတဖရန်ကလင်ဒီရူစဗဲ့လ်၏ စီးပွားပျက်ကပ်ကို အဆုံးသပ်စေရန် ပြုလုပ်သော ပြန်လည်ထူထောင်ရေး စီမံကိန်း |
| **New Jersey Plan** - plan at the Constitutional Convention, favored by smaller states, that called for three branches of government with a single chamber legislature | အခြေခံဥပဒေကိုရေးဆွဲရန် ၁၇၈၇ခုတွင်စည်းဝေးရာမှာ အစိုးရအဖွဲ့၃ရပ်အနက် လွှတ်တော်အတွက် ငယ်သော ပြည်နယ်များပိုမိုအခွင့်အရေးရစေဖို့ယခင် အခြေခံဥပဒေ အဟောင်းနှင့်မကွာခြားသော ပြည်နယ်တခုကိုယ်စား လည် မဲတမဲစီသာထားရန်တင်ပြသော နယူးဂျာစီကိုယ်စား |

| ENGLISH | BURMESE |
|---|---|
| | လည်း၏ အစီအစဉ်၊ ၄င်းကို လက်မခံခဲ့ပေ။ |
| **"New South"** - term to describe the South in the late 1800s when efforts were made to expand the economy by building up industry | ပြည်တွင်းစစ်ဖြစ်ပြီးနောက် တောင်ပိုင်းပြည်နယ်များအနေဖြင့် စိုက်ပျိုးရေးမှ စက်မှုလက်မှု ထူထောင်ခြင်း ပြင်ပ ရင်းနှီးမြှုပ်နှံခြင်းအပါအဝင် စီးပွားရေးပိုမိုတိုးတက်လာစေသော တောင်ပိုင်းဖွံ့ဖြိုးရေး အားထုတ်မှုများ |
| **Nineteenth Amendment –** a 1919 amendment to the United States Constitution that gives women the right to vote | အမျိုးသမီးတို့မဲပေးခွင့်ရစေရန် ၁၉၁၉တွင် ပြုပြင်လိုက်သော အခြေခံ ဥပဒေပြင်ဆင်ချက်အမှတ်၁၉ |
| **North American Free Trade Agreement** (NAFTA) - treaty among the United States, Canada, and Mexico to gradually remove tariffs and other trade barriers | အမေရိကန်၊ကနေဒါ၊မက္ကဆီကိုနိုင်ငံ အချင်းချင်းတို့ကြားကုန်သွယ်မှုအတားအဆီးများဖြစ်သော သွင်းကုန်များပေါ်အခွန်တိုးကောက်ခြင်း၊ ကိုတာကန့်သတ်ချက်အပါအဝင် ကန့်သတ်ချက်အမျိုးမျိုးကို ပါယ်ဖျက်ခြင်းတို့ကိုပြုလုပ်ခြင်းဖြင့်စီးပွားရေးဆက်ဆံမှုတိုးတက်စေသော စာချုပ်ချုပ်ခြင်းစသော လုပ်ဆောင်မှုများကို ၁၉၉၄ဇန်နဝါရီ၁ရက်မှ တစတစ တိုးမြှင့်ရေး အစီအစဉ်များ |
| **North Atlantic Treaty Organization** (NATO) - alliance formed in 1949 by the United States and Western European nations to fight Soviet aggression | အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံ များတို့၏ စစ်အေးကာလ အတွင်းဆိုဗီယက်တို့က စစ်ရေး ကျူးကျော်လာမှုကိုစုပေါင်းတုန့်ပြန်ရန် ၁၉၄၉မှစတင်၍ဖွဲ့ခဲ့သောစစ်အုပ်စု |
| **nullification** - idea that a state has the right to nullify, or cancel, a federal law that the state leaders consider to be unconstitutional | ဗဟိုအစိုးရ၏ဥပဒေတခုသည် အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိဟု ပြည်နယ်ခေါင်းဆောင်များအနေဖြင့်ဆုံးဖြတ်ပါက၄င်းကိုပြည်နယ်တခုအနေဖြင့် ပါယ်ဖျက်ခွင့်ရှိကြောင်း ပြည်နယ်အားပေးထားသော ပြည်နယ်၏လုပ်ပိုင်ခွင့်အတွေးအခေါ် |
| **Nuremberg Trials** -Nazi war crimes trial held in 1945 and 1946 | ဒုတိယကမ္ဘာစစ်အပြီး၁၉၄၅–၄၆တွင်စစ်အတွင်းကျူးလွန်ခဲ့သောနာဇီစစ်ရာဇဝတ်ကောင်များကိုခုံရုံးတင်စစ်ခြင်း |
| **O** | |
| **Olive Branch Petition** - peace petition sent to King George by colonial delegates after the battles of Lexington and Concord | ပထမဆုံးတိုက်ပွဲဖြစ်သောမန်ဆာချူဆက်ပြည်နယ်ကွန်ကော့၊လက်ဆင်တန်တို့တွင် ဗြိတိသျှစစ်တပ်နှင့်ရင်ဆိုင် ရပြီးနောက် ဒုတိယညီလာခံခေါ်ကာနောက်ဆုံးကြိုးပမ်းချက်အဖြစ်ဂျော့ဘုရင်ထံငြိမ်းချမ်းရေးအတွက် စစ်မဖြစ်ဖို့ တင်သွင်းသောအသနားခံစာ |
| **OPEC** (Organization of Petroleum Exporting Countries) - multinational organization that sets a common policy | ရေနံရောင်းဈေးအတွက် အများသဘောတူပေါ်လစီချဖို့ ဖွဲ့ထားသည့် ရေနံထုတ်လုပ်သောနိုင်ငံများအဖွဲ့ အိုပက် |

| ENGLISH | BURMESE |
|---|---|
| for the sale of petroleum | |
| **Oregon Country** - term used in the early 1800s for the region that includes present-day Oregon, Washington, Idaho, and parts of Wyoming, Montana, and Canada | ၁၈ရာစုစောပိုင်းကာလ အင်္ဂလိပ်၊ပြင်သစ်၊စပိန်၊ရုရှားတို့ စုပေါင်းပိုင်ဆိုင်ကြရာနေရာ၊ လက်ရှိ အိုရီဂွန်၊ဝါရှင်တန်၊ အိုင်ဒဟိုပြည်နယ်၃ခု၊ ဝိုင်ရိုမိန်း၊မွန်တာနားပြည်နယ် ၂ခု တစိတ်တပိုင်းနှင့် ကနေဒါတို့ကိုရည်ရွယ်သည် |
| **Oregon Trail** - route to Oregon used by wagon trains in the 1800s | ၁၈ရာစုအတွင်းအရှေ့ခြမ်းနေသူတို့သည် အနောက်ခြမ်း သို့သွားရာ တောင်တန်းများကို ဖြတ်ကျော်၍အဆင်ပြေဆုံး လမ်းကြောင်းအဖြစ် ရထားပေါင်းမိုးများပေါ်တွင် ပစ္စည်း များ၊အိမ်မွေးတိရိစ္ဆာန်များ၊ စသည်တို့ဖြင့် တင်ဆောင် သယ်ယူ ကာသွားကြသောခရီးလမ်းကြောင်း |
| **Override -** to overrule, as when Congress overrules a presidential veto | သမတ၏ဗီတိုအာဏာကိုပယ်ဖျက်လိုသောအခါကွန်ဂရက် ကသုံးသော ပယ်ဖျက်ခြင်း |
| **P** | |
| **pacifist** - person who objects to any war, believe war is evil | စစ်ဟူသမျှကို မကောင်းမှုဟုယုံမှတ်ကာ စစ်ပွဲဟူသမျှကို ဆန့်ကျင်သော ငြိမ်းချမ်းရေးဝါဒီ |
| **Parliament** - representative assembly in England | အင်္ဂလန်တွင်ကျင့်သုံးသော ကိုယ်စားလှယ်များစုဝေးကာ နိုင်ငံရေးကိစ္စရပ်အားလုံးကို ဆောင်ရွက်သည့်လွှတ်တော် |
| **Patriot** - colonist who favored war against Britain | ဗြိတိသျှအုပ်စိုးမှုကိုဆန့်ကျင်၍ စစ်တိုက်ကာ လွတ်လပ် ရေးကို အရယူလိုသူ မျိုးချစ် ကိုလိုနီများ |
| **patriotism** - feeling of love and devotion toward one's country | ပြည်နယ်များစုစည်းကာ တိုင်းပြည်တခုတည်း ထူထောင် လိုစိတ်လွန်စွာပြင်းပျထက်သန်သောတိုင်းပြည်ချစ်စိတ်ဓါတ် |
| **Peace Corps** - government organization that sends American volunteers to developing countries to teach or give technical advice | ၁၉၆၁ခုကစ၍တည်ထောင်ခဲ့သည့် အစိုးရဌာန၊ ရည်ရွယ် ချက်မှာဖွံ့ဖြိုးဆဲတိုင်းပြည်များသို့ အမေရိကန်လုပ်အား ပေးများကိုစေလွှတ်ကာ လိုအပ်သော နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးသည်၊ သင်ကြားပို့ချကူညီပေးသည်၊ |
| **Pennsylvania Dutch** - German-speaking Protestants who settled in Pennsylvania | ၁၇–၁၈ ရာစုက ပင်နီဆူလာပြည်နယ်တွင်အခြေချနေထိုင် သည့်ဂျာမန်စကားပြောကြသော ပရိုတက်စတင့် ခရစ်ယန် ဘာသာဝင် အေးဆေးလွတ်လပ်စွာနေလိုကြသူများ |
| **Persian Gulf War** - a 1991 war in which the United Slates and its UN allies drove invading Iraqi forces out of neighboring Kuwait | ၁၉၉၀တွင်အီရတ်သမတဆဒန်ဟူစိန်ကအိမ်နီးချင်းကူဝိတ် သို့ကျူးကျော်မှုကို ကုလသမဂ္ဂနှင့်အမေရိကန်တို့ပူးပေါင်း ကာအီရတ်စစ်တပ်ကို၁၉၉၁တွင်မောင်းထုတ်ခဲ့သော |

| ENGLISH | BURMESE |
|---|---|
| | ပါရှန်ပင်လယ်ကွေ့စစ်ပွဲ |
| **Pilgrims -** In the 1600s, English settlers who sought religious freedom in the Americas | ဘာသာရေးလွတ်လပ်မှုအတွက် အမေရိကားတွင်အခြေချနေထိုင်ရန်၁၆ရာစုနှစ် အတွင်း ပြောင်းရွှေ့လာသော အင်္ဂလိပ်များ |
| **plantation** - large estate farmed by many workers | အလုပ်သမားများစွာတို့ဖြင့်လုပ်ကိုင်သော စိုက်ပျိုးရေးလုပ်ငန်းလုပ်သည့် ကြီးမားကျယ်ဝန်းသောနေရာဒေသ |
| **poll tax** - tax required before a person can vote | မဲပေးခွင့်ရဖို့ဆောင်ရသောအခွန်၊ ရှေးကာလက မဲပေးခွင့်ကိုကန့်သတ်ချုပ်ချယ်လိုသောရည်ရွယ်ချက်ဖြင့်လုပ်သည် |
| **Pontiac's War** – in 1763 conflict between Native Americans and the British over settlement of Indian lands in the Great Lakes area | ဌာနေရှေးဦးအမေရိကန်တို့၏ ဂရိတ်လိတ်ဒေသအပါအဝင်ဒေသများတွင် အင်္ဂလိပ်ကိုလိုနီတို့က အတင်းဝင်ရောက်နေထိုင်ခြင်းဖြင့် ၄င်းတို့ခြင်း အချင်းများဖြစ်ပွားခဲ့သော ၁၇၆၃ခုနှစ်စစ် |
| **Potsdam Declaration** - message sent by the Allies in July 1945 calling for Japanese surrender | ပို့စဒမ်ကွန်ဖရင့်ဆုံးဖြတ်ချက်အရ မဟာမိတ်အုပ်စုခေါင်းဆောင်တို့က ဂျပန်အားလက်နက်ချရန် ၁၉၄၅ဇူလိုင်တွင်ပေးပို့လိုက်သောရာဇသံ၊ မနာခံကတိုင်းပြည်ကို ဖျက်ဆီးမည်ဟုပါ အကြောင်းကြားလိုက်သည် |
| **presidio** – fort where soldiers lived in the Spanish colonies | ၁၆၊၁၇ရာစုကာလတွင် ပင်လယ်ဒါးပြ(သို့) ဌာနေရှေးဦးအမေရိကန်တို့ တိုက်ခိုက်မှုကို ခုခံကာကွယ်ရန် စပိန်ကိုလိုနီ ပြည်နယ်များရှိ စပိန်စစ် သားများနေသော ခံတပ်အဆောက်အဦ |
| **primary** - election in which voters choose their party’s candidate for the general election | ရွေးကောက်ပွဲအတွက် မိမိတို့ပါတီထဲမှ ကိုယ်စားလှယ်လောင်းကို ပါတီဝင်တို့က မဲပေးရွေးချယ်ခြင်း ထိုသို့ရွေး ၍ရသောကိုယ်စားလှယ်က ပါတီကို ကိုယ်စားပြုကာရွေးကောက်ပွဲကြီးကို ဝင်ရမည်ဖြစ်သည်၊ |
| **primary source** - firsthand information about people or events | လူဖြစ်စေ အဖြစ်အပျက်ဖြစ်စေ လိုအပ်သော သတင်းအချက်အလက်တို့ကို တဆင့်ခံမဟုတ်ပဲ တိုက်ရိုက် ပတ်သက်ရာမှ ရသော တိုက်ရိုက်သတင်း၊ |
| **Proclamation of 1763** - law forbidding English colonist to settle west of the Appalachian Mountains | အပလီချီယံတောင်တန်းများ၏ အ နောက်ဖက်ခြမ်းမှာဌာနေ ရှေးဦးအမေရိကန်များမှလ နေ ထိုင်ကြရာဖြစ်၍၄င်းတို့နှင့်ပြဿနာ မဖြစ်စေရန် ကိုလိုနီ လူဖြူများကိုအရှေ့ခြမ်းရှိ ကိုလိုနီပြည်နယ်များသို့ပြောင်း နေကြဖို့ |

| ENGLISH | BURMESE |
|---|---|
| | အင်္ဂလန်ဂျော့ဘုရင်(တတိယ)က၁၇၆၃တွင်ထုတ်သော အမိန့်၊ |
| **Progressive** - reformer in the late 1800s and early 1900s who wanted to improve American life | ၁၈ရာစုနှောင်းပိုင်း ၁၉ရာစုအစောပိုင်းကာလတွင် အမေရိကန် လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် ပြုပြင်ပြောင်းလဲလိုသူများ၊ ၄င်းတို့သည် စာနယ်ဇင်းများတွင် လာဒ်စားမှုကိစ္စ၊ ကလေးလုပ်သား၊ စက်ရုံများ၏စွန့်ပြစ်ပစ္စည်းညစ်ညမ်းမှု စသည်တို့ကိုရေးသားဝေဖန်သည် |
| **Prohibition** - ban on the manufacture, sale, and transportation of liquor anywhere in the United States from 1920 to 1933 | ၁၉၂၀မှ၃၃အထိ အမေရိကန်နိုင်ငံတွင်းနေရာတိုင်း အရက်ကိုထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း မလုပ်ဖို့ ပိတ်ပင်တားမြစ်သောဥပဒေ |
| **proprietary colony** - English colony in which the king gave land to proprietors in exchange for *a* yearly payment | ၁၆၆၀–၉၀အတွင်းအင်္ဂလန်ဘုရင်က လူတဦး(သို့)တစုကို နယ်မြေပေးအပ်ကာ အုပ်ချုပ်ခြင်း၊စီးပွားလုပ်ခြင်း စသည် တာဝန်ယူရပြီး နှစ်စဉ်ဘုရင်ကို အခွန်တော်ငွေများ ပေးရသောရှေးဦးကိုလိုနီစနစ် |
| **Puritans** - group of English Protestants who settled the Massachusetts Bay Colony | အင်္ဂလိပ်ဘုရားရှိခိုးကျောင်းများ၏ နိုင်ငံရေးသြဇာလွှမ်းမိုးသောဘာသာရေး နိုင်ငံရေးရောထွေးမှုကို မကြိုက်သောကြောင့် မန်ဆာချူဆက် ကိုလိုနီပြည်နယ်သို့ ပြောင်းလာသော လူစု |
| **Q** | |
| **Quakers** - Protestant reformers who believe in the equality of all people | ၁၇ရာစုအလယ်ပိုင်းကာလအင်္ဂလန်တွင် လူအချင်းချင်းကို တန်းတူရည်တူ ဘုရားသခင်ကဖန်ဆင်းထားသည် ဟူသောအချက်ကိုအခြေခံကာ အဆင့်အတန်းခွဲသော ဘာသာရေးဝါဒအချို့ကို ပြုပြင်ပြောင်းလဲလုပ်လိုသော တိုးတက်ပြုပြင်ရေးသမားများ |
| **quota system** - system that limited immigration by allowing only a certain number of people from each country to immigrate to the United States | တိုင်းပြည်တပြည်မှအမေရိကန်သို့ပြောင်းရွှေ့နေထိုင်သူ အရေအတွက်ကို အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနမှ မည်သည့်နိုင်ငံကို မည်မျှဟူ၍ သတ်မှတ်ခွင့်ပြုသော စနစ် |
| **R** | |
| **racism** - belief that one race is superior to another | လူမျိုးကြီးဝါဒ လူမျိုးတမျိုးက အခြားတမျိုးထက် သာသည်ဟူ၍ စွဲမှတ်ခံယူသောဝါဒ |
| **Reaganomics** - President Reagan's economic program that cut taxes, cut | အခွန်လျှော့ကောက်ခြင်း၊ လူမှုရေးထောက်ပန့်မှု စီမံကိန်း |

| ENGLISH | BURMESE |
|---|---|
| federal spending on social programs, and increased military spending | များတွင် ဗဟိုအစိုးရအထောက်အပန့်ကိုလျှော့ခြင်း၊ စစ်သုံးစာရိတ်ကိုပိုသုံးခြင်းပြုခဲ့သော သမတရေဂင်၏ငှင်း လက်ထက်က စီးပွားရေးမူဝါဒ |
| **recession** - economic slump that is milder than a depression | စီးပွားပျက်ကပ်လောက်မပြင်းထန်သော်လည်း တိုင်းပြည်စီးပွားရေး ကျဆင်းခြင်း အလုပ်လက်မဲ့ပေါခြင်း၊ တဦးချင်းဝင်ငွေနဲခြင်း၊ ကုန်စျေးနှုန်းတက်ခြင်းစသည်တို့ ဖြစ်လာ၏ |
| **Reconstruction** - rebuilding of the South after the Civil War | ပြည်တွင်းစစ်အပြီးတောင်ပိုင်းဒေသကိုပြန်လည်ပြုပြင်တည်ဆောက်ခြင်း |
| **referendum** - process by which people vote directly on a bill | |
| **refugee** - person who leaves his or her homeland to seek safety elsewhere | မွေးဇာတိနိုင်ငံကိုစွန့်ခွာကာ လုံခြုံရေးအတွက် စိတ်ချရသော တနေရာရာတွင် ခိုလှုံနေထိုင်သူ ဒုက္ခသည် |
| **religious tolerance -** willingness to let others practice their own beliefs | အခြားသူ၏ သူယုံကြည်ရာ ဘာသာတရားအပေါ် လွတ်လပ်စွာကျင့်သုံးနေမှုအပေါ် မိမိနှင့်ဘာသာမတူသော်လည်း နားလည်မှု ရှိစွာ လက်ခံမှု |
| **representative government** - political system in which voters elect representatives to make laws for them | မိမိတို့အတွက်လိုအပ်သောတရားဥပဒေများကို ပြုလုပ်ဖို့ မဲဆန္ဒရှင်တို့ကမဲဖြင့်ကိုယ်စားလည်ကိုရွေးချယ်ကာ တိုင်းပြည်ကိုအုပ်ချုပ်ရ သည့် နိုင်ငံရေး စံနစ် |
| **republic** - system of government in which citizens choose representatives to govern them | နိုင်ငံတနိုင်ငံ၏ နိုင်ငံသားတို့က မိမိ တို့၏ကိုယ်စား လည်ကို ရွေးချယ်ကာ ထို ကိုယ်စားလည် တို့ဖြင့် တိုင်းပြည်ကို အုပ်ချုပ်သည့်စံနစ် |
| **reservation** - limited area set aside for Native Americans | ဌာနေရှေးဦးအမေရိကန်တို့အတွက် သတ်မှတ်ကာ သီးသန့် ဖယ်ထားသည် မြေနေရာများ |
| **Roosevelt Corollary** - statement by Theodore Roosevelt that the United States had a right to intervene in Latin America to preserve law and order | သမတမွန်ရိုး၏ လက်တင်အမေရိကကို ဥရောပနိုင်ငံတို့ က မစွက်ဖက်ရန်၁၈၂၃ ကမူကို ၁၉၀၄တွင်သမတ သီအိုဒိုရူစဗဲ့က အားဖြည့်ကာ လက်တင်အမေရိကနှင့် ကာရေဗီးယမ်းကျွန်းနိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် ဥပဒေတည်တန့်ခိုင်မြဲရေးအတွက် အမေရိကန်အနေဖြင့် ဝင်ရောက်စွက်ဖက်ခွင့်ရှိသည်ဟူသော ကျေညာချက် |
| **royal colony** - colony under the direct control of the English crown | သူတပါးကိုအငှားချကာ အခွန်သာယူ၍အုပ်ချုပ်ခိုင်းခြင်းမဟုတ်ပဲ အင်္ဂလန်ဘုရင်ကိုယ်တိုင် ပြည်နယ်အုပ်ချုပ်ရေးမှူကိုခန့်ကာ အစိုးရဖွဲ့အုပ်ချုပ်ခိုင်းသော ဗာဂျီးနီးယားကဲ့သို့ |

| ENGLISH | BURMESE |
|---|---|
| | ဘုရင်တိုက်ရိုက်အုပ်ချုပ်သောပြည်နယ် |
| **S** | |
| **SALT Agreement** (Strategic Arms Limitation Talk) - treaty between the United States and the Soviet Union to limit the number of nuclear warheads and missiles | ဒုတိယကမ္ဘာစစ်အပြီးစစ်အေးကာလတွင်အမေရိကန်နှင့် ဆိုဗီယက်တို့၏ အနုမြူလက်နက်နှင့် ဒုံးပျံလက်နက်များကို ကန့်သတ်ရန်၂ဦးသဘောတူချုပ်ဆိုသောစာချုပ် |
| **satellite nation** - nation that is dominated politically and economically by a more powerful nation | အင်အားကြီးနိုင်ငံကြီးတခုက အင်အားသေးနိုင်ငံအပေါ် နိုင်ငံရေး၊စီးပွားရေးအရ လွှမ်းမိုးချုပ်ကိုင်ကာ တပည့်မွေးခံ ရသောနိုင်ငံငယ်။ |
| **Second Amendment** - amendment to the United States Constitution related to the right to bear arms | အခြေခံဥပဒေကိုပြင်ဆင်သော ပြင်ဆင်ချက်၂တွင် ပြည် နယ်တခု၏လုံခြုံရေးအတွက် လူတိုင်းသည် လက်နက်ကိုင် ဆောင်ခွင့်ရှိကြောင်း လူ့အခွင့်အရေးကိုဖေါ်ဆောင်ချက် |
| **secondary source** - account provided after the fact by people who did not directly witness or participate in the event | ဖြစ်အပျက်တခုအတွက် တိုက်ရိုက်ပတ်သက်သူ သို့မ ဟုတ် မျက်မြင်သက်သေ ထံမှမဟုတ်ပဲ သတင်းအချက်အ လက်တို့ကို တဆင့်ခံမှ ရသောသတင်း၊ |
| **segregation** - legal separation of people based or racial, ethnic, or other differences | အသားအရောင်၊ လူမျိုးရေး၊ (သို့) အခြားမတူညီမှုများ ပေါ်မူတည်ကာ ရောနှောဆက်ဆံမှု မလုပ်ပဲ တရားဝင် သီးသန့်ခွဲထုတ်ထားသော စနစ် |
| **Selective Service Act -** law passed by Congress in 1917 that required all men from ages 21 to 30 to register for the military draft | ၁၉၁၇တွင် အသက်၂၁မှ၃၀အတွင်း ယောကျ်ားတိုင်း စစ်မှုထမ်းရန်စာရင်းသွင်းရမည်ဟု ကွန်ဂရက် ကခွင့်ပြုခဲ့သောဥပဒေ |
| **Senate** – the smaller of the two bodies that make up the legislative branch of the United States government | ဥပဒေပြုအစိုးရအဖွဲ့၏ အပိုင်း၂ပိုင်းအနက် လူဦးရေ နည်းသော အထက်လွှတ်တော်ခေါ် ဆီးနိတ်လွှတ်တော်၊ ပြည်နယ်တခုလျှင်၂ဦးစီဖြင့် အဖွဲ့ဝင်၁၀၀ရှိသည်။ |
| **Seneca Falls Convention** - an 1848 meeting at which leaders of the women's rights movement called for equal rights for women | နယူးယောက်ပြည်နယ် ဆနီကာဖေါတွင် ၁၈၄၈က ကျင်းပ သောအမျိုးသမီးအခွင့်အရေးခေါင်းဆောင်များ၏ အမျိုး သားများနှင့်တန်းတူအခွင့်အရေးအတွက် ညီလာခံ |
| **separation of powers** - principle by which the powers of government are divided among separate branches | အစိုးရအာဏာကို ဥပဒေဖေါ်ဆောင်ရေး၊ ဥပဒေပြုရေး၊ ဥပ ဒေဖွင့်ဆိုရေး အဖွဲ့၃ဖွဲ့ပေါ်၌ ခွဲဝေအပ်နှင်းရသော အခြေခံမူ |
| **sharecropper** - person who rents a plot of land from another person and farms it in exchange for a share of the crop | မြေပိုင်ရှင်ထံမှမြေကိုငှားကာ စိုက်ပျိုးလုပ်ကိုင်ပြီး ရလာ သော သီးနှံကို မြေရှင်အား မြေငှားခအဖြစ် အချိုးကျ ပေးဆပ်ခြင်းဖြင့် မြေငှားစိုက်ပျိုးလုပ်ကိုင်သူ |

**SUPPLEMENTARY SOCIAL STUDIES GLOSSARY**
**UNITED STATES HISTORY (Grades 7 and 8)**
**(NOT TO BE USED FOR ELL TESTING ACCOMMODATION)**

| ENGLISH | BURMESE |
|---|---|
| **Shays' Rebellion** - an 1786 revolt in Massachusetts led by farmers in reaction to high taxes | လွတ်လပ်ရေးစစ်ပွဲအပြီးတွင် စစ်စရိပ်ကျွေး များကြောင့်<br>အခွန်တိုး၍ကောက်ခံခြင်းအပေါ် မကျေနပ်သော လယ်သ<br>မားများကို စစ်ပြန် ဒယ်နီရယ် ရှေးစ် ခေါင်းဆောင်ကာ<br>၁၇၈၆တွင် မန်ဆာချူဆက်ပြည်နယ်၌ ပုန်ကန်ထကြွမှု |
| **Sherman Antitrust Act** - an 1890 law that banned the formation of trusts and monopolies in the United States | အမေရိကန်နိုင်ငံတွင်းရှိ စီးပွားရေးကုမ္ပဏီများ အချင်းချင်း<br>ပူးပေါင်းကာစီးပွားရေးချုပ်ကိုင်မှု လက်ဝါးကြီးအုပ်မှုတို့ကို<br>အရေးယူခြင်း အပြစ်ပေးခြင်းတို့ဆိုင်ရာ ဥပဒေကို ယခင်က<br>ပြည်နယ်အလိုက်လုပ်ခဲ့ပြီးဖြစ်သော်လည်း ၁၈၉၀ တွင်<br>ဆီးနိတ်အမတ် ရှားမင်းက တင်သွင်းလာသဖြင့် ကွန်ဂရက်<br>ကအတည်ပြုခဲ့သော ရှားမင်းဥပဒေ |
| **silent majority** - term for Americans who were disturbed by unrest in the 1960s but did not protest publicly | ၁၉၆၀ဝန်းကျင်ကာလက လူသိရှင်ကြားထုတ်ဖေါ်ကန့်<br>ကွက်ခြင်း၊ဆန္ဒပြခြင်း၊ တို့ကိုတက်ကြွစွာမလုပ်သော်လည်း<br>မကျေနပ်ကြောင်း၊ ကန့်ကွက်ကြောင်းသဘောထားကို<br>နောက်ကွယ်မှ တိုးတိုးတိပ်တိပ်လုပ်ခဲ့သော လူများစုလုပ်<br>ပုံကို နမူနာယူ၍ သမတနစ်ဆင် စတင်၍ကိုးကား ပြောဆို<br>ခဲ့သော အများစု၏ အသံတိတ်သဘောထားထုတ်ဖေါ်ခြင်း |
| **slave code** - laws that controlled the lives of enslaved African Americans and denied them basic rights | အာဖရိကနွယ်ဖွား အမေရိကန်လူမဲများ၏ ကျွန်အဖြစ်<br>လူအခွင့်အရေးများကို ဆုံးရှုံးစေခြင်း၊ ကျွန်ပိုင်ရှင် လူဖြူ<br>သခင်များ၏ ကျွန်များအပေါ် သက်ဦးဆံပိုင် ဆက်ဆံနိုင်<br>ခွင့်များကို ဥပဒေအရ ခွင့်ပြုခဲ့သောကျွန်ဆိုင်ရာဥပဒေများ |
| **Social Security Act -** a 1935 law that set up a system of pensions for older people and set up the nation's first system of unemployment insurance | စီးပွားပျက်ကပ်ကိုပြန်လည်နာလန်ထူစေဖို့သမတဖရန်က<br>လင်ဒီရူစဗဲ့၏ နယူးဒီးအစိတ်အပိုင်းဖြစ်သော အသက်ကြီး<br>သူများအတွက် ပင်စင်ပေးခြင်း နှင့် အလုပ်လက်မဲ့များ<br>အတွက် ပထမဆုံး တီထွင်သော အာမခံ ပေးခြင်း ဆိုင်ရာ<br>ဥပဒေ၊ ၄င်းကို ၁၉၃၅တွင် ပြဋ္ဌာန်းသည် |
| **Socialist** - person who support community ownership of property and the sharing of all profits | ပစ္စည်းများကို လူအဖွဲ့အစည်းကသာ ပိုင်ဆိုင်ရမည် ဖြစ်<br>ပြီး ရရှိသော အကျိုးအမြတ်ကို ညီတူမျှတူ ခွဲဝေခံစားစေ<br>ရမည်ဟူသောမှုကိုထောက်ခံသူ |
| **Solidarity** - independent labor union that challenged Poland's communist government | ကွန်မြူနစ်ပိုလန်တွင် ပထမဆုံးကွန်မြူနစ် မဟုတ်သော<br>အလုပ်သမားသမဂ္ဂ၊ ၁၉၈၀တွင်ထူထောင်ကာ ကွန်မြူနစ် |

| ENGLISH | BURMESE |
|---|---|
| | အစိုးရ ကိုစိန်ခေါ်သဖြင့် နှစ်ပေါင်း များစွာဖိနှိပ်ချုပ်ချယ် ခံရကာ နောက်ဆုံး အစိုးရကစေ့စပ်ဆွေးနွေး လာရသည်၊ |
| **soup kitchen** - place where food is provided to the needy at little or no charge | စီးပွားပျက်ကပ်နောက်ပိုင်းကစ၍ ချို့တဲ့သူများကို အစား အစာများအား အခမဲ့(သို့) ငွေကြေးအနည်းအပါးပေးစေ၍ ထောက်ပန့် ဝေငှသောနေရာ |
| **Spanish-American War -** war between Spain and the United States in 1898 | စပိန်၏ကိုလိုနီကျူးဘားသည် လွတ်လပ်ရေး ကြိုးပမ်းလာ ရာတွင် စပိန်က မတရားဖိနှိပ် ပါသည်ဟု လိုသည်ထက် ချဲ့ကားရေးကြသော သတင်းများကို အမေရိကန်လူထုက ဖတ်ရှုကာ အမေရိကန်များ စိတ်ဝင်စားလာ၍ အမေရိကန် ရေတပ်သင်္ဘောစေလွှတ်ကာ ၁၈၉၈တွင် စပိန်နှင့် တိုက်သော စပိန်–အမေရိကန် စစ်ပွဲ |
| **spinning Jenny** - machine developed in 1764 that could spin several threads at once | ၁၇၆၄တွင်အင်္ဂလန်၌ စတင်တီထွင်သော စက်ယန္တန်း၊ တပြိုင်နက် ချည်များစွာကို လွန်းဖေါက် ယက်လုပ်နိုင်၏ |
| **Square Deal** - Theodore Roosevelt's campaign promise that all groups would have an equal opportunity to succeed | သီအိုဒိုရုစဗဲ့၏ ရွေးကောက်ပွဲကတိအတိုင်း အလုပ်ရှင် အလုပ်သမားပြဿနာကဲ့သို့သော အုပ်စုကိစ္စတွင် အုပ်စု တိုင်းသည်ဖက်လိုက်မခံရပဲ တန်းတူအခွင့်အရေးရစေခြင်း |
| **Stamp Act** - a 1765 law that placed new duties on legal documents, and taxed newspapers, almanacs, playing cards, and dice | ၁၇၆၅တွင်ထုတ်ပြန်သော ဗြိတိန်၏ ကိုလိုနီတို့အပေါ် ဖိနှိပ် သည့်ပုံနှိပ်ခွန်ဥပဒေ၊ ၎င်းအရ တရားဝင်စာရွက်စာတမ်း အားလုံးအခွန်ပေးရ၍ သတင်းစာများ၊ နှစ်စဉ်ထုတ် ပြက္ခ ဒိန်နှင့် နက္ခတ်တာရာမှတ်တမ်း၊ နှစ်စဉ်အရေးကြီးမှတ်တမ်း တို့အပြင်၊ ဖဲ၊အံစာတုံးကစားမှုတို့ပါ အခွန်ကောက်၏ |
| **Star Wars** - President Reagan's proposed weapons system to destroy Soviet missiles from space | အက်ဒီအိုင်ခေါ် အမေရိကန်လုံခြုံရေးအတွက် ဆိုဗီယက် တို့၏ဒုံးပျံများကို အာကာသမှပင်ဖျက်ဆီးနိုင်သော ၁၉၈၃ တွင်သမတရေဂင်တင်ပြသည့် ကာကွယ်ရေးအစီအစဉ် |
| **states' rights** - the right of states to limit the power of the federal government | အခြေခံဥပဒေတွင် ထည့်သွင်းခဲ့သော ဗဟိုအစိုးရ၏ အာ ဏာကိုကန့်သတ်ခွင့်ရှိသော ပြည်နယ်တို့၏ အခွင့်အရေး |
| **Strategic Arms Reduction Treaty (START)** - a 1991 treaty signed by the United States and Soviet Union to reduce nuclear weapons | သမတရေဂင် ၁၉၉၁တွင် စခဲ့သော အမေရိကန်နှင့် ဆိုဗီ ယက်တို့ ၂ဦး သဘောတူလက်မှတ်ရေးထိုးကာ ညျူ ကလီး ယား လက်နက်အင်အား လျှော့ချရေးစာချုပ်များ |
| **suffrage** - the right to vote | မဲပေးပိုင်ခွင့် |
| **suffragist** - person who worked for women's right to vote | အမျိုးသမီးတို့၏ မဲပေးပိုင်ခွင့် ရဖို့ ကြိုးစားအားထုတ်သူ |

| ENGLISH | BURMESE |
|---|---|
| **Supreme Court** - highest court in the United States established by the Constitution | အခြေခံဥပဒေအရ အမေရိကန်၏ အမြင့်ဆုံး တရားစီရင်ပိုင်ခွင့်ရှိသော တရားလွှတ်တော်ချုပ် |
| **sweatshop** - workplace where people labor long hours in poor conditions for low pay | အချိန်ရှည်ရှည်၊လုပ်ခနဲနဲပေးကာ သန့်ရှင်းမှုမရှိသော ညစ်ပတ်နေသည့် အလုပ်လုပ်ရာနေရာ |
| **T** | |
| **Tea Act -** a 1773 law that let the British East India Company bypass tea merchants and sell directly to colonists | လဘက်ခြောက်များကို ကုန်သည်ကိုရောင်းစရာမလို တော့ပဲတိုက်ရိုက် ကိုလိုနီတို့အား ဈေးချရောင်းခြင်းဖြင့်ပိုမိုရောင်းအားကောင်းကာ ငွေကြေးကြပ်တည်းနေသော အရှေ့ အိန္ဒိယကုမ္ပဏီကို ကူညီစေဖို့ ထုတ်ပြန်သော ဗြိတိန်၏ ၁၇၇၃ခုနှစ် လဘက်ခြောက်ဥပဒေ၊ သို့သော်ကိုလိုနီတို့သည် ဗြိတိသျှတို့ထင်သလိုဖြစ်မလာပဲ နယူးယောက်တွင် ဆိပ်ကမ်းကပ်လာသောလှက်ခြောက်ကို ပြန်ပို့ခြင်း၊ အဆိုးဆုံးမှာဘော်စတွန်တွင် ဖျက်ဆီးပြစ်ခြင်းတို့ပြုခဲ့သည် |
| **Ten Percent Plan** - Lincoln's plan that allowed a southern state to form a new government after 10 percent of its voters swore an oath of loyalty to the United States | ပြည်တွင်းစစ်မြန်မြန်ပြီးဆုံးဖို့နှင့် ပြန်လည်ထူထောင်ရေးလုပ်ဖို့သမတလင်ကွန်း၏လုပ်ဆောင်ချက်၊ ၁၀ရာနှုန်းသောမဲပေးသူတို့သည် ပြည်ထောင်စုအစိုးရအပေါ်သစ္စာစောင့်သိပါမည်ဟုတောင်ပိုင်းတွင် ကျမ်းကျိန်ပါက တောင်ပိုင်းပြည်နယ်များကို ပြည်ထောင်စုတွင်ပြန်လက်ခံကာ ပြည်နယ်အစိုးရများဖွဲ့ခွင့်ပြုမည့်အစီအစဉ် |
| **tepee** - tent made by stretching buffalo skins on tall poles | ကင်းဗတ်ပိတ်စကဲ့သို့ ကျွဲသားရေကိုသုံး၍ တိုင်ရှည်များထူ ကာ လေ၊မိုး၊အပူဒဏ်ခံ တဲများတည်ဆောက်ခြင်း |
| **terrorism** - deliberate use of violence to spread fear and achieve political goals | နိုင်ငံရေးတွင် မျှော်မှန်းချက်ပန်းတိုင်အတိုင်းအောင်မြင်စေရန်အတွက် တမင်သက်သက်ချိန်းချောက်ခြင်း၊ ကြောက်ရွံ့စေသည့်နည်းများသုံးကာ အနိုင်ယူသူများ |
| **Thanksgiving** - day at the end of the harvest season set aside by the Pilgrims to give thanks to God | ဘုရားသခင်အားကျေးဇူးတော်နေ့ စိုက်ပျိုးသီးနှံများ ရိတ်သိမ်းချိန်တွင်ကျင်းပလေ့ရှိ၏ ကနေဒါတွင်အောက်တိုဘာ၊ အမေရိကန်တွင်နိုဝင်ဘာတွင်ကျင်းပရာ၊ ဘာသာရေးနှင့်ယှဉ်၍ ခရစ်ဘာသာဝင်တို့မိသားစုဆုံကာ စားသောက်ဆုံစည်းကာဆုတောင်းသော အလုပ်နားရက် |
| **Thirteenth Amendment -** an 1865 amendment in the United States Constitution that bans slavery through-out the nation | အမေရိကန်နိုင်ငံတဝှမ်းလုံးတွင် ကျွန်စနစ်ကိုလုံးဝတားမြစ်ကြောင်း အခြေခံဥပဒေ၏ပြင်ဆင်ချက်အမှတ်၁၃ |

| ENGLISH | BURMESE |
|---|---|
| **38th parallel** - dividing line between South Korea and North Korea | တောင် မြောက် ကိုရီးယားကိုပိုင်းခြားထားရာ နယ်နိမိတ်မျဉ်း အဖြစ်သုံးသော မြောက်လတ္တီတွဒ် ၃၈ဒီဂရီမျဉ်း |
| **Three-Fifths Compromise** - agreement at the Constitutional Convention that three fifths of the slaves in any state be counted in its population | အခြေခံဥပဒေရေးဆွဲရာဖီလဒယ်ဖီးယားညီလာခံတွင် တွေ့ဆုံကြသောကိုယ်စားလည်များကြားတွင် မြောက်ပိုင်း နှင့် တောင်ပိုင်းလူဦးရေရေတွက်ပုံသဘောထားကွဲလွဲလာ၍ ကျွန်စနစ်မလိုလားသူမြောက်ပိုင်းက ကျွန်ကို ထည့်၍ မရေတွက်လိုပေ၊ ကျွန်လိုလားသူတောင်ပိုင်းက လူဦးရေပိုမို တိုးရကာ လွှတ်တော်တွင်ကိုယ်စားလည်ပိုရဖို့ ကျွန်ကိုရေတွက်စေလိုသဖြင့် ကျွန်၅ဦးကို မဲ၃မဲဖြင့် ဖျဉ်ဖြေသော ညှိနှိုင်းမှု |
| **totalitarian state** - country where a single party controls the government and every aspect of people's lives | ပြည်သူလူထုကို ဘက်ပေါင်းစုံမှချုပ်ကိုင်ကာ အစိုးရကိုပါတပါတီစနစ်ဖြင့် ထိမ်းချုပ်ကြိုးကိုင်သော နိုင်ငံ |
| **town meeting** - meeting in colonial New England where settlers discussed and voted on issues | ၁၉ရာစုနှောင်းပိုင်းတွင် နယူးအင်္ဂလန်ပြည်နယ်များတွင် နေထိုင်သူများကို မြို့တော်ခန်းမ၌ အစည်းအဝေးခေါ်ကာ ဥပဒေကိစ္စ၊ဘတ်ဂျက်ကိစ္စ၊ အုပ်ချုပ်ရေးကိစ္စတို့ကို လူထုသဘောထား မဲဆန္ဒ ယူသော တွေ့ဆုံဆွေးနွေးခြင်း |
| **Townshend Acts** - laws passed In 1767 that taxed goods such as glass, paper, paint, lead, and tea | ဗြိတိန်ချန်ဆယ်လာ တောင်းစ်ဟန်အမည်နှင့် ၁၇၆၇တွင် ထုတ်သောဥပဒေ ကိုလိုနီတို့ထံမှ အခွန်ကိုကောက်ခံရာတွင် ဖန်၊စက္ကူ၊ ပန်းချီဆေး၊ ခဲ၊ လက်ဖက်ခြောက်တို့သွင်းကုန်များပေါ်တွင်ကိုလိုနီတို့က အခွန်ပေးရသည်၊ |
| **Trail of Tears** - forced ,journey of the Cherokee Indians from Georgia to a region west of the Mississippi during which thousands of Cherokees died | ၁၉ရာစုအစပိုင်းတွင် ဂျော်ဂျီယာသို့ ရွှေ့လာသူလူဖြူများဖြင့်လူဦးရေအလွန်များလာ၍ ၎င်းဒေသ၏ဌာနေရှေးဦးအမေရိကန် (ထောင်ပေါင်းများစွာသော ရှယ်ရကီ)တို့အား မစ်ဆစ်စပီမြစ်အနောက်ပိုင်းသို့ အ တင်းအဓမ္မပြောင်းခိုင်းရာ အမြောက်အများသေကြသဖြင့် မျက်ရည်တို့ဖြင့် ရွှေ့သွားရသောခရီးလမ်းကြောင်း |
| **transcontinental railroad** - railroad that stretches across a continent from coast to coast | အမေရိကန်အရှေ့ဖက်ကမ်းရိုးနှင့် အနောက်ဖက် ကမ်းရိုးကို၁၉ရာစုနောက်ပိုင်းက ဆက်သွယ်ဖေါက်လုပ်သော ရထားလမ်းဖြစ်၍ တိုက်တတိုက်လုံးကိုဖြတ်ဖေါက်သည် |
| **Treaty of Ghent** - peace treaty signed by Britain and the United States at the end of the War of 1812 | ဗြိတိန်နှင့်အမေရိကန်တို့၏ ၁၈၁၂စစ်ပွဲကို အဆုံးသတ်စေဖို့ ၂ဖက်လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးစာချုပ် |

| ENGLISH | BURMESE |
|---|---|
| **Treaty of Guadalupe-Hidalgo** - an 1648 treaty in which Mexico gave up California and New Mexico to the United States for $15 million | မက်ဆီကန်တို့နှင့် ၂နှစ်ကြာစစ်အပြီးတွင် မက္ကဆီကို အစိုးရ ကဒေါ်လာ၁၅သန်းလက်ခံကာ ကာလီဖိုးနီးယားနှင့်နယူး မက္ကဆီကိုတို့ကို အမေရိကန်သို့ပေးရန်ချုပ်ဆိုသော ၁၈၄၈ခုနှစ်စာချုပ် |
| **Treaty of Paris** - a 1763 agreement between Britain and France that ended the French and Indian War; peace treaty between the United States and Britain, ratified in 1783, that recognized the United Stales as an Independent nation | ၁၇၆၃တွင်ပြင်သစ်၌ချုပ်ဆိုသော ဗြိတိန်နှင့်ပြင်သစ်တို့၏ အမေရိကန်ကိုလိုနီတွင်ဖြစ်ခဲ့သော ၇နှစ်ကြာ အင်ဒီယန်း စစ်ပွဲများကို အဆုံးသပ်သည့် ငြိမ်းချမ်းရေးစာချုပ်၊ ၁၇၈၃ တွင်ပြင်သစ်၌ချုပ်ဆိုသော ဗြိတိန်နှင့်အမေရိကန်တို့စာချုပ် အရ ဗြိတိန်သည်အမေရိကန်ကို လွတ်လပ်သောတိုင်းပြည် အဖြစ်အသိအမှတ်ပြုခဲ့သည် |
| **Treaty of Versailles -** treaty signed on June 28, 1919, by Germany and the Allies; formally placed the responsibility for the war on Germany and its allies | ပထမကမ္ဘာစစ်ကိုပြီးဆုံးစေသောစာချုပ်ကို ၁၉၁၉ဇူလိုင် ၂၈တွင်ပြင်သစ်ပြည်ဗာဆေးမြို့တွင် ဂျာမဏီနှင့် မဟာမိတ် တို့ချုပ်ဆိုရာ ဂျာမဏီနှင့်၄င်း၏အပေါင်းပါနိုင်ငံတို့တွင် စစ် နှင့်ပတ်သက်၍တာဝန်ရှိသည်ဟု သတ်မှတ်သည် |
| **Triangle Fire** - fire in 1911 at the Triangle Shirtwaist Factory in New York City that killed nearly 150 workers | ၁၉၁၁တွင်ဖြစ်ပွားခဲ့သောနယူးယောက်မြို့၏ ထိပ်လန့်ဖွယ် လူ၁၅၀ခန့်သေဆုံးခဲ့သည့်စက်ရုံမီးလောင်မှု ပိုင်ရှင်နှင့်လုပ် သားတို့ ပြဿနာတက်နေချိန်ဖြစ်၍ မတော်တဆလော၊ တမင်မီးရှို့သလော မဆုံးဖြတ်နိုင်ခဲ့ပေ။ |
| **triangular trade** - colonial trade route between New England, the West Indies, and Africa | ကိုလိုနီပြည်နယ်များ၊ အဖရိကတိုက်နှင့် အနောက်အိန္ဒိယ ကျွန်းစု တို့ကြားသွားလာကူးသန်းကာစီးပွားရေး တိုးတက် ကောင်းမွန်စေသော ၃ပွင့်ဆိုင် ကုန်သွယ်လမ်းကြောင်း |
| **Truman Doctrine** President Truman's policy of giving U.S. aid to nations threatened by communist expansion | ကွန်မြူနစ်တို့၏ ချိန်းချောက်နယ်ချဲ့မှုဒဏ်ကို ခံနေသော တိုင်းပြည်များကို အမေရိကန်အနေဖြင့် အကူအညီပေးဖို့ ချမှတ်ထားသော အမေရိကန်သမတ ထရူးမင်း၏ဝါဒ |
| **Twenty-sixth Amendment -** amendment to the United States Constitution that lowered the minimum voting age from 21 to 18 | မဲပေးခွင့်အသက်ကို အနိမ့်ဆုံး ၂၁မှ ၁၈နှစ်သို့ပြင်ဆင်လိုက် သော အခြေခံဥပဒေပြင်ဆင်ချက် ဥပဒေအမှတ် ၂၆ |
| **U** | |
| **U-boat** – German submarine used in World War I and World War II | ပထမ၊ဒုတိယ ကမ္ဘာစစ်များအတွင်းသုံးသော ဂျာမန်တို့၏ ရေငုပ်သင်္ဘော |
| ***Uncle Tom's Cabin*** - an 1852 novel by Harriet Beecher Stowe written to show the evils of slavery and the injustice of | ၁၈၅၂ခုတွင် ဟာရီယက်ဘီးချာစတူးဝီရေးသားသော ကမ္ဘာ ကျော်ဝတ္ထု ကျွန်စနစ်ဆိုးဝါးပုံ၊ အစိုးရ၏ကျွန်ကိုလူလို |

| ENGLISH | BURMESE |
|---|---|
| the Fugitive Slave Act | သဘော မထားပဲ ဝတ္ထုပစ္စည်းလို သဘောထားသော ဥပဒေ၏ မတရားပုံတို့ကို ရေးထားသည် |
| **Underground Railroad** - network *of abolitionists who secretly helped slaves escape to freedom* | မိမိတို့နေထိုင်ရာ ကျွန်ပြည်နယ်များမှ လွတ်မြောက်ရာ ဒေသသို့ လူမဲကျွန်တို့ ထွက်ပြေးနိုင်ရန် ကျွန်စနစ်ဖျက်သိမ်း လိုသောလူဖြူတို့၏ လျှို့ဝှက်ဆက်သွယ်ရာလမ်းကြောင်း |
| **United Nations** - world organization established in 1945 to provide peaceful resolutions to international conflicts | နိုင်ငံတကာပြဿနာများကို ငြိမ်းချမ်းစွာ အကြမ်းမဖက် ဖြေရှင်းနိုင်ရေးအတွက် ၁၉၄၅တွင်ဖွဲ့စည်းခဲ့သော နိုင်ငံတကာအဖွဲ့အစည်း၊ |
| **V** | |
| **Valley Forge** – Pennsylvania site of Washington's Continental Army encampment during the winter of 1777-1778 | အားအင်ချိနဲ့နေသော သူ၏စစ်တပ်ကို ဆောင်းခိုယင်း စခန်းချ နိုင်ရန် ပင်ဆဲလ်ဗေးနီးယားအနီး ဗိုလ်ချုပ် ဂျော့ဝါရှင်တန် ၏ အကာအကွယ်ကောင်းသော တောင်ကြား စစ်စခန်း |
| **Virginia Plan** - plan at the Constitutional Convention that called for a strong national government with three branches and a two-chamber legislature | လွှတ်တော်၂ရပ် အစိုးရအစိပ်အပိုင်း၃ပိုင်း ပါဝင်သည့် အင်အားရှိပြီးတောင့်တင်းခိုင်မာသော ဗဟိုအစိုးရသစ် တရပ်ဖွဲ့စည်းနိုင်မည့် အခြေခံဥပဒေတရပ်ရေးဆွဲဖို့ တင်ပြ လာသော ဗာဂျီးနီးယားကိုယ်စားလည်များ၏ စီမံကိန်း |
| **W** | |
| **War Hawks** - members of Congress from the South and the West who called for war with Britain prior to the War of 1812 | ၁၈၁၂ခုအင်္ဂလိပ်စစ်သင်္ဘောက အမေရိကန်သင်္ဘောများကို ဖမ်းဆီးမှုအပေါ်မကျေနပ်ကြသော တောင်ပိုင်းနှင့်အနောက် ပိုင်းမှ လူများစုလွှတ်တော်အမတ်လူငယ်များ၏အုပ်စု |
| **War Production Board** – government agency created during World War II to help factories shift from making consumer goods to making war materials | ဒုတိယကမ္ဘာစစ်အတွက် အမေရိကန်တွင်လူသုံးကုန်ထုတ် ခြင်းမှ စစ်သုံးပစ္စည်းထုတ်ခြင်းအဆင့်သို့ပြုပြင်ပြောင်းလဲ ထုတ်လုပ်မှုကို ကြီးကြပ်သော အစိုးရဌာန |
| **Warsaw Pact** – military alliance, established in 1955, of the Soviet Union and other communist states in Europe | နေတိုးစစ်အုပ်စုကို ယှဉ်ရန် ၁၉၅၅တွင် ဆိုဗီယက်နှင့် အရှေ့ဥရောပရှိ၄င်း၏ မဟာမိတ်ကွန်မြူနစ်တို့ဖွဲ့သော စစ်အုပ်စု |
| **Whiskey Rebellion** – a 1794 protest over a tax on a liquor made and sold in the United States | အမေရိကန်လွတ်လပ်ရေး စစ်ပွဲအပြီး တင်ရှိနေသောကြွေး များကိုဆပ်ရန် ဝီစကီအရက်ရောင်းဝယ်မှုအပေါ်၌ အခွန် တိုးကောက်မှုအပေါ်မကျေနပ်၍၁၇၉၄တွင် ဖြစ်ပေါ်သော ပုန်ကန်ထကြွမှု |

| ENGLISH | BURMESE |
|---|---|
| **women's right movement** - organized campaign to win property, education, and other rights for women | ပိုင်ဆိုင်ခွင့်၊ပညာသင်ခွင့်၊ စသော အခြားအခွင့်အရေးများကိုယောကျ်ားများနှင့်တန်းတူ ရရေးအတွက် အမျိုးသမီးများ၏ လှုပ်ရှားမှု |
| **writ of assistance -** legal document that allowed British customs officials to inspect a ship's cargo without giving a reason | အကြောင်းပြချက်ပေးစရာ မလိုပဲအင်္ဂလိပ်အကောက်ခွန်အရာရှိတို့အနေဖြင့် ကိုလိုနီတို့၏ သင်္ဘောစသည်တို့ကို ရှာဖွေစစ်ဆေးခွင့်၊ ထိုအခွင့်သည် ကိုလိုနီတို့ကို ဖိနှိပ်ခြင်း တမျိုးဖြစ်၍ လွတ်လပ်ရေး လှုပ်ရှားမှုကို တွန်းအားပေး၏ |
| **X YZ** | |
| **XYZ Affair** – a 1797 French attempt to bribe the United States by demanding money before discussing French seizure of neutral American ships | အမေရိကန်သင်္ဘောများကို ပြင်သစ်ကဖမ်းဆီးမှုအပေါ် သမတဂျွန်အက်ဒမ်က ပြင်သစ်သို့ ၁၇၉၇တွင် ကိုယ်စားလည် လွှတ်ညှိနှိုင်းရာ ပြင်သစ်အေးဂျင့်၃ဦးက ဝန်ကြီးနှင့် စကားပြော ဖို့လာဒ်ပေးရန်တောင်းသဖြင့် အဆင်မပြေဖြစ်ကာ ပြန် လာခဲ့ရ၏ ယင်းကိစ္စကို သမတက အစီရင်ခံရာ ပြင်သစ် လာဒ်တောင်းသူ ၃ဦးကို **XYZ** ဟု နာမည်ဝှက်သုံးခဲ့သည့် အမှုအခင်း |
| **Yankee -** nickname for New England merchants who dominated colonial trade | ကိုလိုနီပြည်နယ်များနှင့် ကုန်ကူးသန်းရာတွင် လက်ဝါးကြီးအုပ်ထားတတ်သော နယူးအင်္ဂလန်ကိုလိုနီပြည်နယ်မှ ကုန်သည်များကို နာမည်ပြောင်ပေးခေါ်သော အမည် နောင်အခါ အမေရိကန်ကိုအခြားသူများက ပြောင်လှောင်ခေါ်လေ့ရှိသော အမည်ဖြစ်လာ၏ |
| **Zimmermann telegram** - a 1917 telegram sent from Germany’s foreign secretary to the German minister in Mexico instructing the minister to urge Mexico to attack the United States if the United States declared war on Germany | ပထမကမ္ဘာစစ်အတွင်း ဂျာမန်နိုင်ငံခြားရေးဝန်ကြီး က၄င်းအမည်ဖြင့် မက္ကစီကိုရှိဂျာမန်သံမတ်ထံသို့ ၁၉၁၇တွင် လျှို့ဝှက်သင်္ကေတဖြင့်ပို့သော ကြေးနန်းအမည်၊ အင်္ဂလိပ်တို့က ဖေါ်ထုတ်ခဲ့၏၊ ဂျာမန်ကို အမေရိကန်က စစ်ကျေညာပါက မက္ကစီကိုက အမေရိကန်ကို စစ်တိုက်ဖို့ညွှန်ကြားချက်ဖြစ်၏ |